မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၁၃ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၂၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၃၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်များရေးဆွဲ၍ စနစ်တကျ ပြင်ဆင်ထား
နောင်တွင် ဖြစ်ပေါ်လာမည့် ကျန်းမာရေးပြဿနာများကို လွယ်ကူစွာ ဖြေရှင်းကုသနိုင်မည်

နေပြည်တော် မေ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် မေ ၂၁ရက် မွန်းလွဲ ၁နာရီတွင် ဆေးတက္ကသိုလ်(မန္တလေး)သို့ သွားရောက်၍ တာဝန်ရှိသူများနှင့် ဆေးပညာသင်ကြားရေးကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးရာ ရှေးဦးစွာ ဝန်ကြီးသည် ဆေးတက္ကသိုလ်(မန္တလေး) အမျိုးသမီးနားနေဆောင်နှင့် အမျိုးသားနားနေဆောင် စာဖတ်ခန်းများ၌ အုပ်စုလိုက် စာပေလေ့လာနေသည့် ကျောင်းသား ကျောင်းသူများအားတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ စာသင်ဆောင်ခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့်နီးနွယ်သော တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခဌာနမှူးများ၊ သင်ကြားရေးနှင့်စီမံရေးဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်က ဆေးသိပ္ပံပညာ ဦးစီးဌာနအနေဖြင့် ဆေးတက္ကသိုလ်များနှင့် နီးနွယ်သောတက္ကသိုလ်များ၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စများအတွက် ဖြည့်ဆည်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❍

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တအာင်း(ပလောင်) အမျိုးသားပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၀/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၅၀/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၄ ရက်)

တအာင်း(ပလောင်)အမျိုးသားပါတီအား နိုင်ငံရေးပါတီအဖြစ်
မှတ်ပုံတင်ခွင့်ပြုခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့၊ မင်္ဂလာရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(က/၁၁၀)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော တအာင်း(ပလောင်)အမျိုးသားပါတီအား ၂၀၁၀ပြည့်နှစ်၊ မေလ ၂၄ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

တအာင်း(ပလောင်)အမျိုးသားပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၁၂) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၁/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၅၁/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၄ ရက်)

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ်
မှတ်ပုံတင်ခွင့်ပြုခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်၊ အထက(၁၂)အနီး၊ လမ်း(၂၀)၊ ဦးပိုင်အမှတ်(ခ/၂၃)၊ မြေကွက်အမှတ်(၇)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီအား ၂၀၁၀ပြည့်နှစ်၊ မေလ ၂၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၁၃) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၂၅ ရက်)

အရည်အသွေးမြင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပြုစုပျိုးထောင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံထူထောင်ရေးကြိုးပမ်းရာ၌ အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများသည် ပဓာနကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာများ တစ်ရှိန်ထိုးတိုးတက်ပြောင်းလဲလာမှုနှင့်အတူ ပညာရေးနယ်ပယ်မှ လေ့လာသင်ယူရမည့် ပညာရပ်များသည် ရပ်တန့်မနေဘဲ ပညာရေးရည်မှန်းချက်အနေဖြင့် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလျက်ရှိသည်။

အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းလာစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသများအပါအဝင် နယ်စပ်ဒေသများပါမကျန် နိုင်ငံတစ်ဝန်းတွင် အထူးဒေသကြီး (၂၄)ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို အစီအစဉ်တကျ အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာ၌ ပြည်တွင်းရှိ သဘာဝသယံဇာတအရင်းအမြစ်များ၊ စွမ်းအားများကို ခေတ်မီနည်းပညာတတ်လူ့စွမ်းအားအရင်းအမြစ်များနှင့်ပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားအားလုံး တည်ဆောက်ကြရမည့် အမျိုးသားရေးစိတ်ဓာတ်စွမ်းအားသည် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည်။

ဆရာ ဆရာမများသည် နိုင်ငံတော်၏ အမျိုးသားလူ့စွမ်းအားအရင်းအမြစ်များဖြစ်သကဲ့သို့ မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာရည်မြင့်မားရေးတာဝန်များကို အဓိက ဖော်ဆောင်နေကြသူများဖြစ်ရာ တပည့်များအား အဆင့်မြင့်ပညာရပ်များ သင်ကြားပေးရုံမျှသာမက အမျိုးသားရေးတာဝန်များ၏ မွန်မြတ်ကြီးလေးမှုကိုပါ ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝစေရေးကို စည်းရုံးသွားကြရမည်ဖြစ်သည်။

နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများချမှတ်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံကောင်းများကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိရာ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်သည်။ ယင်းအခြေခံကောင်းများ ဆက်လက်ရှင်သန်ဖွံ့ဖြိုးစေရန် ဆရာ ဆရာမများက မျိုးဆက်သစ်လူငယ်များအား အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် ပြုစုပျိုးထောင်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လုပ်ငန်းတာဝန်များကို စေတနာအရင်းခံဖြင့် ပြေပြစ်စွာဆောင်ရွက် ဝန်ကြီး ဦးလှထွန်း မန္တလေးတွင် လုပ်ငန်းဆိုင်ရာ တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၂၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မန္တလေးတိုင်းအတွင်းရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနတာဝန်ခံများ၊ အရာထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို မေ ၂၂ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းအခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသုံးပြု

အခမ်းအနားတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း(**အပေါ်ပုံ**)က အမှာစကားပြောကြားရာတွင် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာ၌ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ အလေးအနက်ထား ဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်း၊ လုပ်ငန်းတာဝန်များကို စေတနာအရင်းခံပြီး ချိုသာပြေပြစ်စွာ ဆောင်ရွက်ခြင်း၊ ရိုးဖြောင့် မှန်ကန် တာဝန်သိစွာဖြင့် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတိုးတက် အောင်မြင်မှုများ ရရှိမည်ဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးပြုကြရန် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဌေးတို့က လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)
၂၆-၅-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
- ၇း၀၅ တရားတော် **(အဋ္ဌာနာဋိယသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၄၁) နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၉၈) တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် တေးပဒေသာ
- ၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (ပေါက်ပန်းပွင့်လေးမဖြစ်ချင်ပါ)
- ၁၂း၄၅ တေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (သဘော်သီးသုပ်နဲ့ သဘော်သီးထောင်း)
- ၁၇း၁၀ Current Song(24)
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ တေးပဒေသာ
- ၁၇း၃၅ အင်္ဂလိပ်စာ သုတပဒေသာ (8)
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၅၁)
- ၁၈း၂၀ ကျေးလက်ဇာတ်လမ်း (ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ)
- ၁၈း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၁၉း၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ခင်ဇာခြည်ကျော်)
- ၁၉း၃၀ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
- ၂၀း၂၀ သူ့ခေတ်သူ့အခါတေးကမ္ဘာ
- ၂၀း၅၀ ကျန်းမာရေးရာ သိကောင်းစရာ (အသုံးဝင်ပင်စိမ်းပင်) လူမှုရေးဦးတည်ချက်
- ၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

လားရှိုးဂေါက်ကလပ်၌ တစ်ချက်တည်းကျင်းဝင်

လားရှိုး မေ ၂၄

လားရှိုးမြို့ လားရှိုးဂေါက်ကလပ်၌ ဦးမန်းဝင်းသည် မေ ၁၉ရက်က ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးသုတ(ငြိမ်း)၊ ဦးချိုတူး၊ ဦးဌေးလင်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၂)တွင် Titleist Pro VI ဘောလုံး နံပါတ်(၄)ကို T. WOOD Iron No.7 တုတ်ဖြင့် ၁၈၅ကိုက်အကွာမှ ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒီဇိုင်းနှင့် ထုပ်ပိုးမှုဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ပိုမိုလွယ်ကူအောင်မြင်စွာ ထိုးဖောက် တင်ပို့ရောင်းချနိုင်ရန်ရည်ရွယ်လျက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းနိုင်ငံ Department of Export Promotion, Ministry of Commerce တို့ပူးပေါင်း၍ "Design and Packaging" သင်တန်းကို မေ ၁၈ရက်မှ ၂၀ရက်အထိ UMFCCI Office Tower ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲ

ထို့နောက် သင်တန်းဆင်းပွဲကို မေ ၂၀ရက် ညနေ ၅နာရီ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်၊ ထိုင်းနိုင်ငံ Department of Export Promotion မှ Executive Director Mr. Supapat Ongsangkoon တို့က အမှာစကားပြောကြားကြသည်။

အဆိုပါ သင်တန်းသို့ UMFCCI အသင်းဝင်ကုမ္ပဏီများမှ ဒါရိုက်တာ/ ဝန်ထမ်းများ၊ ညီနောင်အသင်းများ၏ အသင်းဝင်ကုမ္ပဏီများမှ ဒါရိုက်တာ/ ဝန်ထမ်းများ စုစုပေါင်း ၁၀၀တက်ရောက်ကြပြီး သင်တန်းဆင်းလက်မှတ်များကို Mr. Supapat Ongsangkoon က ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့် ညီညွတ်ရေး တွံတေးမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

တွံတေး မေ ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကဒုံကျေးရွာအုပ်စု ကဒုံကျေးရွာတွင် စံ(၅)ရပ်နှင့် ညီညွတ်သော ကျေးရွာစာကြည့်တိုက် ထူထောင်နိုင်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးနှင့် ရုံးအဖွဲ့တို့သည် မေ ၂၂ ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ရာ ကဒုံကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးဖြူဝင်း၊ ရာအိမ်မှူး ဦးခင်ရီနှင့် ရပ်မိရပ်ဖဦးစိန်ထွန်းတို့က စာကြည့်တိုက်ဆောက်လုပ်ရေး စီမံဆောင်ရွက်ထားရှိမှုကို ဆွေးနွေးတင်ပြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးသက်ဦးက စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်မည့်မြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ် စာစောင် ၁၀၀ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်ဖြင့် တံတားမြို့၌ ရေဖြန့်ဝေပေးနေမှုကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ဝ ရှေ့ဖုံးမှ

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် ဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်နှင့် ဘာသာရပ်ဆိုင်ရာ သင်ကြားရေးတာဝန်ခံ ဌာနမှူးများက ဘာသာရပ်အလိုက် သင်ကြားမှုဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က သင်ကြားရေး ဆေးရုံကြီးများမှ ဘာသာရပ်ဆိုင်ရာ ဆရာဝန်ကြီးများ ဖြည့်ဆည်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံ

ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များသည် မေ ၂၂ရက် နံနက် ၉နာရီတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး စာသင်ဆောင်၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်များ၊ သူနာပြုများနှင့် တွေ့ဆုံ၍ ဝန်ကြီးက မှာကြားရာ၌ မန္တလေးမြို့တွင် ဖြစ်ပွားသော သဘာဝဘေးအန္တရာယ် အပူဒဏ်ကြောင့် ရောဂါဖြစ်ပွားသော လူနာများအား စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကြိုးပမ်းကုသ ဆောင်ရွက်ပေးခဲ့ကြသည့် အောက်ခြေအထိ ကျန်းမာရေးဝန်ထမ်းအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ထိုအစဉ်အလာကောင်းကို ထိန်းသိမ်းထားရှိသွားကြရမှာ ဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေတွင် ဗဟိုအဆင့်ဆေးရုံကြီးများ၏ စီမံခန့်ခွဲမှုသည် အားရကျေနပ်ဖွယ်ကောင်းပါကြောင်း၊ နောင်တွင်လည်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များရေးဆွဲ၍ တာဝန်များခွဲဝေကာ တုံ့ပြန်နိုင်ရန် အသင့်အနေအထား စနစ်တကျ ပြင်ဆင်ထားရှိသွားကြဖို့လိုကြောင်း၊ နောင်တွင် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်ကျန်းမာရေးပြဿနာကို လွယ်ကူစွာ စနစ်တကျ တာဝန်ယူဖြေရှင်းနိုင်ပြီး ထိရောက်သော ကုသမှုကို စွမ်းဆောင်နိုင်မှာဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်အတွက် ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ခဲ့သည့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များ၏ လူမှုရေး အသိစိတ်ဓာတ်မြင့်မားမှုကိုလည်း ဂုဏ်ယူကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က Communication Skill မြင့်မားသော ဆေးရုံဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းနှင့် ပါမောက္ခဌာနမှူးများက ဆေးရုံလုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ ဝန်ကြီးက တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဦးနှောက်နှင့်အာရုံကြောကုသဌာန၊ အမျိုးသမီး လူနာကုသဆောင်၊ အမျိုးသား လူနာကုသဆောင်နှင့် ဖျားနာဆောင်(၁)တို့တွင် သဘာဝဘေးအန္တရာယ်အပူဒဏ်ကြောင့် ဆေးကုသမှုခံယူနေသည့်လူနာများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဝန်ကြီးအား ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးက မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် သဘာဝဘေးအန္တရာယ်ကြောင့် လာရောက်ကုသမှုခံယူသည့် လူနာများ၏ တက်ရောက်ကုသမှု၊ ဆေးဝါးအထောက်အပံ့ရရှိမှု၊ လူနာသယ်ယူပို့ဆောင်ရေး၊ ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ခဲ့သည့် လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များ၊ လှူဒါန်းငွေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်း တက်ရောက် အမှာစကားပြောကြား

နေပြည်တော် မေ ၂၄

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၀)ကို ယနေ့မွန်းလွဲ၁နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးဆုံးဖြတ်

အဆိုပါ အစည်းအဝေးတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပုံနှိပ်ပြီး ကျောင်းသုံးဖတ်စာအုပ်များကို ကျောင်းသား ကျောင်းသူများလက်ဝယ်သို့ အချိန်မီ ရောက်ရှိစေရန် ဖြန့်ချိမှုကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေး၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များကို ယခင်နှစ်များနည်းတူ ၂၀၁၁ခုနှစ် မတ် ၁၅ရက်တွင် ပြီးစီးအောင် အချိန်မီပုံနှိပ်ရေး၊ ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး၊ စာအုပ်သိုလှောင်ရုံများသို့ စနစ်တကျပို့ဆောင်ရေး၊ ပျက်စီးလေလွင့်မှုမရှိအောင် ထိန်းသိမ်းရေးနှင့် ကျောင်းသုံးဖတ်စာအုပ်များ လက်ဆင့်ကမ်းသည့်စနစ်ကို ပိုမိုကျယ်ပြန့်အောင် ကျင့်သုံးဆောင်ရွက်ရေး စသည်တို့ကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ကျောင်းသုံး ဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၁၀)တွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အနန္တကျေးဇူးရှင် မိဘ ဦးအကီး-ဒေါ်ညွန့်ရွှေ၊ အစ်ကို ဦးလှရွှေတို့အား ရည်စူး၍ ရန်ကုန်မြို့ ဗဟာဗန္ဓုလလမ်းနှင့် ၁၀လမ်းထိပ် လမ်းမတော်မြို့နယ်နေ ဒေါ်မြင့်မြင့်လှိုင် (ကန်ကော်လေးထီဆိုင်)က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အဆောက်အအုံဆောက်လုပ်ရန် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းစဉ်။ (သတင်းစဉ်)

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကျောင်းအပ်နှံရေးလုပ်ငန်းများ ရှင်းလင်းမှာကြား

နေပြည်တော် မေ ၂၄

အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ယမန်နေ့က အမှတ်(၂)အခြေခံပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများအားလည်းကောင်း၊ ယနေ့တွင် မုံရွာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မုံရွာမြို့ပေါ်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများအားလည်းကောင်း တွေ့ဆုံ၍ ကျောင်းအပ်နှံရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ရှင်းလင်းမှာကြား

ညွှန်ကြားရေးမှူးချုပ်သည် ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းသားကျောင်းသူများ အပြည့်အဝကျောင်းအပ်လက်ခံရေးနှင့် ကျောင်းအပ်နှံရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး ဆရာဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းအပ်နှံရေး

အမှတ်(၂) အခြေခံပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် မုံရွာမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးများအား ကျောင်းအပ်နှံရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားစဉ်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် မေ ၂၄

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၀၈)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်)Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "ရန်ကုန်မြို့ရှိ မင်္ဂလာဈေးကြီး မီးလောင်မှုသတင်း မြင်ကွင်းစုံ၊ ရွာသားနှစ်ဦးသေဆုံးခဲ့သည့် ကွမ်းခြံကုန်းမြို့နယ် ဓားပြတိုက်မှု တစ်ဦးဖမ်းမိ၊ အသက် ၈၀ အရွယ်အဘိုးအိုက စက်ဘီးဖြင့် တိုင်းနှင့် ပြည်နယ်အနှံ့ မြန်မာပြည်တစ်ပတ် ခရီးထွက်မည်၊ ဇွန် ငါးဇွန်ပါဝင်သည့် ထားဝယ် ရေနက်ဆိပ်ကမ်းပြီးစီးပါက ထိုင်းနှင့်ဆက်သွယ်မည့် ရစ်လမ်းသွားကားလမ်းနှင့် မီးရထားလမ်းဖောက်မည်၊ အာဖရိကရေပိုင်နက်၌ သုံးလခန့်ကျောက်ချနေရသော မြန်မာသင်္ဘောမှ ဆန်များကို ဂီနီနိုင်ငံက ဝယ်ယူမည်၊ ငွေအစစ်ကျပ်တစ်သိန်းနှင့် အတု ကျပ်ဆယ်သိန်း လဲလှယ်လာခဲ့သူများ အဖမ်းခံရ၊ ကလေးငယ်များအတွက် ကိုရီးယားသို့ သိပ္ပံပညာလေ့လာရေးခရီး ပို့ဆောင်မည်၊ ကျွန်းစုနိုင်ငံများသို့ အပျော်စီးသင်္ဘောခရီးစဉ် လစဉ်ပြေးဆွဲရန်စီစဉ်၊ မိုးကြိုးပစ်ခံရသော်လည်း အသက်မသေ၊ ပြည်ပမှဝယ်ယူနေရသည့် ဆန်စက်ငယ်များ ပြည်တွင်းတွင် မကြာမီထုတ်လုပ်တော့မည်၊ ရုပ်ရှင်ရိုက်ကူးရာတွင် စာချုပ် ၁၀ မျိုးဖြင့် ရိုက်ကူးရန် စတင်ထုတ်ပြန်၊ သစ်လုံးတင်ယာဉ်တိမ်းမှောက်မှုကြောင့် သုံးဦး သစ်လုံးပိ၍ သေဆုံး၊ အင်္ဂလန်၌ ကျောင်းတက်လိုသော မြန်မာကျောင်းသားများကို အခမဲ့ ဝန်ဆောင်မှုပေးမည်၊ လာမည့်နှစ် ၄၀အတွင်း ပင်လယ်ငါးများမျိုးသုဉ်းသွားမည်ဟု ကုလထုတ်ပြန်၊ ၁၃နှစ်သားလေး ကမ္ဘာ့အမြင့်ဆုံးတောင်ကိုတက်နိုင်သည့် ကမ္ဘာ့အသက်အငယ်ဆုံးဖြစ်လာ၊ မြေပေါင်းရှစ်သောင်းရှိသည့် ကမ္ဘာ့အကြီးဆုံးမြေပြင်တိုက်ကြီး မီးလောင်၊ ကမ္ဘာ့ပထမဆုံး ဟယ်ရီပေါ်တာ အပန်းဖြေဥယျာဉ်ဖွင့်လှစ်၊ ကမ္ဘာ့ဖလားဘောလုံးပွဲအား တိုက်ခိုက်မည့်အစီအစဉ်ကို ဖော်ထုတ်နိုင်ခဲ့၊ ဇီဝဗေဒသမိုင်းတစ်လျှောက် ပထမဆုံးအဖြစ် စိတ်ကြိုက်ဗီဇပါဝင်သည့် သက်ရှိကို ဖန်ဆင်းနိုင်ပြီ၊ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အားကစားသမား ၁၀ဦး စာရင်းထုတ်ပြန်၊ အိန္ဒိယလေယာဉ်ကြီးပျက်ကျရာ ၁၅၈ဦးသေဆုံးသော်လည်း ရှစ်ဦးအသက်မသေ၊ ဧဝရက်တောင်ပေါ်တွင် ရေခဲရေထဲ၌ မိုင်ဝက်ကျော် ရေကူးပြ…" စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၅-၅-၂၀၁၀

(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၅၀ ၁၀။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား Italy and Australia
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ - ချစ်သုဝေ
၆:၄၀ ၁၅။ အကြင်နာလက်တစ်စုံ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့ သူရဲကောင်း** (အပိုင်း-၁၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၅၀)

တူရကီနိုင်ငံမှ ဂါဇာကမ်းမြောင်ဒေသသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့မည့်သင်္ဘောကို အစ္စတန်ဘူလ်မြို့ ဆိပ်ကမ်း၌ မေ ၂၂ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပြည်ပခြိမ်းခြောက်မှုအန္တရာယ် လက်ဘနွန်ကိုယ်တိုင် ကာကွယ်ရန်လိုအပ်

အင်ကာရာ မေ ၂၄

လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဟာရီရီသည် တူရကီဝန်ကြီးချုပ်အာဒိုဂန်နှင့် တူရကီနိုင်ငံ အင်ကာရာမြို့တွင် တွေ့ဆုံဆွေးနွေးကြောင်း မေ၂၃ရက်က အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။ လက်ဘနွန်နိုင်ငံအနေဖြင့် ပြည်ပခြိမ်းခြောက်မှုအန္တရာယ်များကို ကိုယ်တိုင်ကာကွယ်ရန်လိုအပ်ကြောင်း ဝန်ကြီးချုပ်ဟာရီရီက တူရကီဝန်ကြီးချုပ်နှင့် မေ၂၂ရက် မွန်းလွဲပိုင်းကတွေ့ဆုံစဉ် ပြောကြားလိုက်သည်။

ဖြေရှင်းနိုင်

လက်ဘနွန်၊ ဆီးရီးယားနှင့် ပါလက်စတိုင်းတို့အား ခြိမ်းခြောက်လာမှုများကို ငြိမ်းချမ်းရေး နည်းလမ်းများဖြင့် ဖြေရှင်းနိုင်ကြောင်း ဧည့်သည်တော်လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီက ထည့်သွင်းပြောကြားသည်။

လေးနက်

အစ္စရေးနိုင်ငံအနေဖြင့် စစ်ရေးလှုပ်ရှားမှုများကိုလျှော့ပြီး စေ့စပ်ရေးစားပွဲတွင် ဆွေးနွေးသင့်ကြောင်း၊ သို့မှသာ ငြိမ်းချမ်းရေးအတွက် လေးနက်သောဆွေးနွေးပွဲဖြစ်လာနိုင်ကြောင်း လက်ဘနွန်ဝန်ကြီးချုပ်ဟာရီရီက ပြောကြားလိုက်သည်။ (အင်တာနက်)

လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဟာရီရီ။

အိုကီနာဝါ အမေရိကန်တပ်စခန်းရွှေ့ပြောင်းရေး ဂျပန်နှင့် အမေရိကန်အစိုးရတို့ သဘောတူညီ

တိုကျို မေ ၂၄

ဂျပန်နိုင်ငံတောင်ပိုင်းရှိ အမေရိကန်စစ်စခန်းနေရာရွှေ့ပြောင်းရေးတွင် ဒေသခံပြည်သူများကဆန့်ကျင်ပြီး အာဏာရ ညွန့်ပေါင်းအစိုးရအတွင်း သဘောထားကွဲလွဲသည့်ကြားမှပင် ဂျပန်အစိုးရနှင့် အမေရိကန်အစိုးရတို့က ပြောင်းရွှေ့ရေး အစီအစဉ်ကို သဘောတူညီလိုက်ကြပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြပါရှိသည်။

ဟန့်တားရန်

ဂျပန်ဝန်ကြီးချုပ် ဟာတိုယာမသည် ရွေးကောက်ပွဲ မဲဆွယ်စဉ်က ပေးခဲ့သောကတိကို ထိန်းရန်ကြိုးပမ်းသည့်အနေဖြင့် အိုကီနာဝါကျွန်းအတွင်း ဖူတင်မာလေတပ်စခန်းရွှေ့ပြောင်းရေး၊ ၂၀၀၆ခုနှစ် သဘောတူစာချုပ် အကောင်အထည်ဖော်ရန် အမေရိကန်အစိုးရ၏ အကျပ်ကိုင်မှုကို ပထမတွင် ငြင်းဆန်ခုခံခဲ့သည်။ သို့သော် ခြိမ်းခြောက်မှု ဟန့်တားရန် အမေရိကန်တပ်ဖွဲ့ဝင်အချို့ရှိနေသင့်ကြောင်း ပြောကြားလာသည်ဟု ဆိုသည်။

ဝန်ကြီးချုပ် ဟာတိုယာမ အိုကီနာဝါကျွန်းသို့ မသွားမီတစ်ရက်အလိုတွင် အမေရိကန်လေတပ်စခန်းရွှေ့ပြောင်းရေးကို မေ ၂၂ရက်က သဘောတူလက်ခံလိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

အီဂျစ်နှင့်အီရတ် ပူးပေါင်းဆောင်ရွက်ရေး အလေးထား

ကိုင်ရို မေ ၂၄

အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အဘူဂိတ်သည် အီဂျစ်နိုင်ငံဆိုင်ရာ အီရတ်သံအမတ်ကြီး နီဇာအစ်ဆာအယ်ဂီရလာအား ကိုင်ရိုမြို့၌ မေ၂၂ရက်က လက်ခံတွေ့ဆုံခဲ့သည်။

ပြောကြား

အာမက်အဘူဂိတ်က အီရတ်သံအမတ်ကြီးကို လက်ခံကြိုဆိုကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အလေးထား

အီဂျစ်နှင့် အီရတ်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်ပယ်ကဏ္ဍအားလုံးတွင် နှစ်နိုင်ငံချုပ်ဆိုထားသည့် သဘောတူစာချုပ်များ အကောင်အထည်ဖော်ရန် အလေးထားဆောင်ရွက်ရေး အရေးကြီးကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။ (အင်တာနက်)

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် ဖူစင်မြို့ရှိ အဝေးပြေးလမ်းမပေါ်၌ ထရပ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားရာ ရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်နေသည်ကို မေ ၂၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ဆူဒန်ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှုအကြီးအကဲ ကျမ်းသစ္စာကျိန်ဆို

ခါတွမ် မေ ၂၄

ဆူဒန်ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှု (အက်စ်ပီအယ်လ်အမ်) အကြီးအကဲဖြစ်သူ ဆာလ်ဗာကာသည် တောင်ပိုင်းဆူဒန်၏ ပထမဆုံးသော သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုကြောင်း အင်တာနက်သတင်း၌ မေ၂၃ရက်က ဖော်ပြသည်။

လွန်ခဲ့သည့် ဧပြီလအတွင်းက ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲတွင် အောင်ပွဲခံပြီးနောက် ဆာလ်ဗာကာသည် ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းဖြစ်သည်။

အဆုံးသတ်

ယင်းရွေးကောက်ပွဲသည် ဆူဒန်နိုင်ငံတောင်နှင့်မြောက်အတွင်း ၂၀၀၅ခုနှစ်က ငြိမ်းချမ်းရေးသဘောတူညီချက်အရ ဖော်ဆောင်သည့် လှုပ်ရှားမှုတစ်ရပ်ဖြစ်ပြီး တောင်နှင့်မြောက်အတွင်း ၂၁နှစ်ကြာ ပဋိပက္ခဖြစ်သည့်တိုက်ခိုက်မှုများနှင့် နိုင်ငံရေးအရအလုအယက်ကြိုးပမ်းနေမှုများ အဆုံးသတ်သွားပြီဖြစ်သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဒီယာလာမြို့အရှေ့မြောက်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၂၂ ရက်က တွေ့ရစဉ်။

(ယင်းဖြစ်ပွားမှုကြောင့် လူ၃၀ သေဆုံးပြီး ဒဏ်ရာရရှိသူပေါင်း ၈၀ရှိသည်။)

(အင်တာနက်ဓာတ်ပုံ)

နှစ်နိုင်ငံ စစ်ရေးလေ့ကျင့်မှု တူရကီနှင့် ဆိုမာလီသဘောတူညီ

အစ္စတန်ဘူလ် မေ ၂၄

တူရကီအစိုးရနှင့် ဆိုမာလီအစိုးရတို့အနေဖြင့် စစ်ရေးလေ့ကျင့်မှုနှင့်စပ်လျဉ်းသည့် သဘောတူစာချုပ်ကို မေ ၂၂ရက်က လက်မှတ်ရေးထိုးကြောင်း ဆင်ဟွာသတင်းတွင် မေ ၂၃ ရက်၌ ဖော်ပြသည်။

တူရကီဗိုလ်ချုပ်ကြီး မာမက်စီတန်နှင့် ဆိုမာလီသံအမတ်ကြီးတို့ ကုလသမဂ္ဂ ဆိုမာလီဆိုင်ရာညီလာခံသို့ တက်ရောက်ရပ်နားချိန်တွင် ယင်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

လေ့ကျင့်ပေးရန်

သို့ရာတွင် အသေးစိတ်အချက်အလက်များကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ တူရကီအစိုးရအနေဖြင့် ရဲတပ်ဖွဲ့နှင့်စစ်ဘက်ဆိုင်ရာကူညီလေ့ကျင့်ပေးရန် အသင့်ရှိသည်ဟု တူရကီဝန်ကြီးချုပ် အာဒိုဂန်က အစောပိုင်းရက်များအတွင်း၌ ထုတ်ဖော်ပြောကြားခဲ့သည်ဟုဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပါကစ္စတန်နိုင်ငံ၌ ဗုံးပေါက်ကွဲ နှစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ကွက်တာ မေ ၂၄

ပါကစ္စတန်နိုင်ငံအနောက်တောင်ဘက် ကွက်တာမြို့တွင် မေ၂၂ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘလူချစ္စတန်ပြည်နယ် မြို့တော် ကွက်တာရှိ လူနေရပ်ကွက်တစ်ခုအတွင်းပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများအား အရပ်ဘက်ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်

ဆိုးလ် မေ ၂၄

တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်အစိုးရတို့အနေဖြင့် အနာဂတ်တွင် သုံးပွင့်ဆိုင်စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန်လိုအပ်ကြောင်း တရုတ်စီးပွားရေးဝန်ကြီး ချန်တင်းက မေ၂၄ရက်တွင် တိုက်တွန်းပြောကြားလိုက်သည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် (၇)ကြိမ်မြောက် သုံးပွင့်ဆိုင် စီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးများ၏ တွေ့ဆုံဆွေးနွေးပွဲတွင် တရုတ်စီးပွားရေးဝန်ကြီးက ယင်းကဲ့သို့ပြောကြားခြင်းဖြစ်သည်။

သုံးနိုင်ငံအနေဖြင့် ပူးပေါင်းသုတေသနလုပ်ငန်း၊ စီးပွားရေးနှင့် သင်တန်းကျောင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် သုံးနိုင်ငံ လွတ်လပ်စွာကုန်သွယ်ရေးဇုန်ထူထောင်ရန်အတွက် နည်းလမ်းရှာဖွေလျက်ရှိသည်ဟု ဆိုသည်။ အဆိုပါသုံးနိုင်ငံ လွတ်လပ်စွာကုန်သွယ်ရေးဇုန် ထူထောင်ရေးကိစ္စရပ်သည် ၂၀၁၂ခုနှစ်၌ကျင်းပမည့် သုံးနိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးတွင် အပြီးသတ် ဆုံးဖြတ်ပေးနိုင်မည်ဟုယူဆရကြောင်း တရုတ်စီးပွားရေးဝန်ကြီးချန်က ထပ်လောင်း ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လမ်းလျှောက်သူတစ်စု ကားတိုက်ခံရ ၁၂ဦးသေဆုံး

နယူးဒေလီ မေ ၂၄

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းရှိ အာသံပြည်နယ် အဝေးပြေးလမ်းမပေါ်တွင် မေ၂၄ရက်၌ ကုန်ကားတစ်စီးက လမ်းလျှောက်လာသူများကို ဝင်တိုက်သဖြင့် ၁၂ဦးထက်မနည်းသေဆုံးပြီး လေးဦးပြင်းထန်စွာ ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဝင်တိုက်

လူ၂၀ခန့်ရှိသောလူအုပ်က ဂေါပါရာဒေသ ဒါဟွန်အီမြို့ရှိ အဝေးပြေးလမ်းမပေါ်၌ လမ်းလျှောက်နေစဉ် အဆိုပါကုန်ကားက ဝင်တိုက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကုန်ကားသည် လူများကိုဝင်တိုက်ပြီးနောက် မောင်းနှင်ထွက်ပြေးသွားကြောင်းနှင့် ယင်းကုန်ကားကို ရဲတပ်ဖွဲ့က ရှာဖွေလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ် ကျောက်မီးသွေးတွင်း၌ မတော်တဆမှုကြောင့် ငါးဦးသေဆုံး

ချုံကင်း မေ ၂၄

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကင်းပြည်နယ်ရှိ ကျောက်မီးသွေးတွင်း၌ မေ ၂၄ရက်က မတော်တဆဖြစ်မှုကြောင့် အလုပ်သမားငါးဦးသေဆုံးကြောင်း ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ချုံကင်းပြည်နယ် တန်လင်းစီရင်စုရှိ ပန်စင်းကျောက်မီးသွေးတွင်း၌ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် မတော်တဆမှုဖြစ်ပွားသဖြင့် အလုပ်သမားများ သေဆုံးရခြင်းဖြစ်သည်ဟုဆိုသည်။ အဆိုပါဒေသသည် နှစ်စဉ်ကျောက်မီးသွေးတန်ချိန် ၆၀၀၀၀အထိ ထွက်ရှိသော်လည်း ထုတ်လုပ်မှုရပ်ဆိုင်းရန်အတွက် ဒေသဆိုင်ရာအစိုးရက အမိန့်ပေးထားသည်ဟုဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

မက္ကဆီကို-အမေရိကန် အိမ်နီးချင်းနှစ်နိုင်ငံစစ်ရေးပဋိပက္ခ

၁၈၄၆-၁၈၄၈

တိုး ရေးသားသည်

တက္ကဆက်လွတ်လပ်ရေးကို မက္ကဆီကိုက မည်သည့်အခါမျှ အပြည့်အဝ မထောက်ခံသည့်အခြေအနေတွင် တက္ကဆက်ကို အမေရိကန် တိုက်ခိုက်သိမ်းယူခြင်းအားဖြင့် အမေရိကန်နှင့် မက္ကဆီကိုတို့ စစ်ဖြစ်ရခြင်းမှာ ရှောင်လွှဲ၍ရသောအရာမဟုတ်ပေ။ နှစ်ဖက်ပြဿနာများကို စေ့စပ်ဖြေရှင်းရန် လွှတ်လိုက်သည့် အမေရိကန်သံတမန်ကို လက်ခံတွေ့ဆုံရန်ပင် မက္ကဆီကိုက ငြင်းဆန်လိုက်သောအခါ နယ်စပ်အငြင်းပွားဒေသအတွင်း နီးကပ်သည့်နေရာတို့တွင် စစ်ကစားရန် အမေရိကန်၌ ၁၁ ဦးမြောက် သမ္မတဂျိမ်းနော့ပို့က အမေရိကန် တပ်ဖွဲ့ဝင်များကို အမိန့်ပေးလိုက်သည်။ မက္ကဆီကို-အမေရိကန်စစ် ဖြစ်ရတော့သည်။

၁၈၄၆ခုနှစ်ဆန်းတွင် အမေရိကန်နှင့်မက္ကဆီကိုတပ်များ စတင်တိုက်ခိုက်ပြီးနောက် အမေရိကန်ဗိုလ်ချုပ်ကြီး ဇာချရီ တေလာက အင်အား ၅၀၀ ဖြင့် ကာကွယ်ရမည့် ရှေ့တန်းတေလာ ခံတပ်မှ တပ်အများစုကို ထောက်ပံ့ရေးခံတပ်အစ္စဘဲအငူသို့ ဆုတ်ခွာလိုက်သည်။ မက္ကဆီကိုတပ်များက အမြောက်ကြီးများဖြင့် တရကြမ်းပစ်ခတ် တိုက်ခိုက်သည်။ ဗိုလ်ချုပ်ကြီး အရစ္စတာ လက်အောက်တွင် မက္ကဆီကိုတပ်ဖွဲ့ဝင် ၅၀၀၀ ရှိပြီး ဗိုလ်ချုပ်ကြီး တေလာလက်အောက်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀ သာရှိသည်။ နှစ်ဖက်အကြိတ်အနယ်တိုက်ခိုက်ရင်း အမေရိကန် တပ်ဖွဲ့ဝင်များက မက္ကဆီကိုရှေ့တန်းစစ်မျက်နှာကို ထိုးဖောက်ချေမှုန်းနိုင်ခဲ့၍ ပါလိုအယ်တိုတိုက်ပွဲတွင် မက္ကဆီကိုတပ်များ ဖရိုဖရဲဖြင့် အရှုံးနှင့်ရင်ဆိုင်ရသည်။

သိမ်းပိုက်ရန်

မက္ကဆီကိုအရှေ့ဘက်ကမ်းခြေရှိ အမေရိကန်ရေတပ်၏ တာဝန်မှာ မက္ကဆီကိုဆိပ်ကမ်းများကို ပိတ်ဆို့ရန်နှင့် အတတ်နိုင်ဆုံး သိမ်းပိုက်ရန်ပင်ဖြစ်သည်။ အမေရိကန်ရေတပ်၏ တပ်မှူးမှာ ဒေးဗစ်ကွန်းနားဖြစ်ပြီး ဆိပ်ကမ်းအများအပြားကို သိမ်းပိုက်ထားသည်။ သူက ဗိုလ်ချုပ်ကြီးဝင်းဖီးစကော့နှင့် အမေရိကန် တပ်ဖွဲ့ဝင် ၁၂၀၀၀ကို ဗီလာခရုဇ်သို့ပို့ပေးသည်။ မက္ကဆီကိုအတွင်းပိုင်းသို့ ချီတက်ရေးအတွက် ဗီလာခရုဇ်ကို သိမ်းပိုက်ရန် လိုအပ်ကြောင်း ဗိုလ်ချုပ်ကြီးစကော့က သဘောပေါက်သည်။ လက်အောက်ခံတပ်မှူးများက ရန်သူ မက္ကဆီကိုတပ်များကို တိုက်ရိုက်တိုက်ရန် အကြံပြုသော်လည်း ဗိုလ်ချုပ်ကြီးစကော့က အကျအဆုံးများမည်ကို တွက်ဆသည်။ သို့ဖြင့် ၁၈၄၇ခုနှစ် မတ် ၉ရက်တွင် ဗီလာခရုဇ်အရှေ့တောင်ဘက် သုံးမိုင်အကွာ ကိုလာဒိုကမ်းခြေတွင် စစ်သည်အင်အား ၁၂၀၀၀ကို အမေရိကန်နိုင်ငံ၏ ပထမဆုံးသော ကုန်းရေနှစ်သွယ် စစ်ဆင်ရေးကို ဆင်နွှဲသည်။ မတ် ၁၅ရက်တွင် ဗီလာခရုဇ်ကိုဝိုင်းလိုက်သည်။ ၁၂ရက်ကြာတိုက်ပွဲဖြစ်ပွားပြီးနောက် မက္ကဆီကိုတို့ဘက်မှ လက်နက်ချရန် သဘောတူသည်။ ၁၈၄၇ခုနှစ် မတ်၂၉ရက်တွင် အမေရိကန်တပ်များက ဗီလာခရုဇ်မြို့ကို သိမ်းပိုက်လိုက်သည်။

ဗိုလ်ချုပ်ကြီးစကော့သည် ဗီလာခရုဇ်မြို့ကို အောင်ပွဲခံ သိမ်းပိုက်ပြီးနောက် မက္ကဆီကိုစီးတီးသို့ ဆက်လက်ချီတက်ရေး အမြန်စီစဉ်သည်။ စတင်စစ်ချီစဉ် ဗိုလ်ချုပ်ကြီးစကော့တွင် တပ်ဖွဲ့ဝင် အင်အား ၈၅၀၀ရှိသည်။ လမ်းတွင်အတားအဆီးမှာ အင်အား ၁၂၀၀၀ရှိသည့် မက္ကဆီကိုဗိုလ်ချုပ်ကြီးဆန်တာအင်နာ၏ တပ်ဖြစ်သည်။ တောင်ကြားလမ်းကို ထိန်းထားသည်။ ၁၈၄၇ခုနှစ် ဧပြီ ၁၂ရက်တွင် ဗိုလ်ချုပ်ကြီးတွစ်ဦးဆောင်သည့် အမေရိကန် တပ်ဖွဲ့ဝင်များ ရောက်လာသည်။ ကံကောင်းသည်မှာ မက္ကဆီကို တပ်ဖွဲ့ဝင်များက စတင်ပစ်ခတ်သဖြင့် ဗိုလ်ချုပ်ကြီးတွစ်မှာ သတိဝီရိယ ပိုထားလာစေပြီး ဗိုလ်ချုပ်ကြီးစကော့က တပ်ကိုဦးစီးရန် ရောက်လာသည်။ ကင်းလွတ်ထောက်လှမ်းရန် အမိန့်ပေးသည့်အတွက် မက္ကဆီကိုတပ်များ၏ တောင်ပံတစ်ဝိုက်မှလမ်းကြောင်းကို ရှာတွေ့ပြီး တောင်ကုန်းတစ်ခုကို တွေ့ရှိသိမ်းပိုက်သည်။ အမြောက်များဆင်ကာ မက္ကဆီကိုတပ်များကို စတင်တိုက်ခိုက်သည်။

ထွက်ပြေး

အစောပိုင်းတွင် မက္ကဆီကိုတပ်များက အခိုင်အမာခုခံနိုင်သော်လည်း နောက်ပိုင်း၌ အခြေအနေမလှသဖြင့် ထွက်ပြေးသူ ထွက်ပြေးကြသည်။ မက္ကဆီကိုခံတပ်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်သဖြင့် မက္ကဆီကိုတပ်ဖွဲ့ဝင်တို့ လက်နက်ချသည်။ အမေရိကန်တို့ဘက်မှ ဧပြီလ ကာရာဂေါ်ဒိုတိုက်ပွဲတွင် ၄၃၁ဦးသေဆုံးဒဏ်ရာရသည်။ မက္ကဆီကိုတို့ဘက်မှ ထိခိုက်ကျဆုံးမှု အတိအကျ မသိရသော်လည်း စစ်သုံ့ပန်း ၃၀၀၀ကျော်ကို ဗိုလ်ချုပ်ကြီးစကော့ ဖမ်းလိုက်သည်။ မက္ကဆီကိုစီးတီးသို့ သွားရာလမ်းမှာ ပွင့်သွားသည်။

အခိုင်အခံ့

မက္ကဆီကိုစီးတီးသို့ ချီတက်ရာလမ်းတစ်လျှောက်တွင် အကြီးအကျယ်ခုခံမှုဟူ၍ မတွေ့ရပေ။ ဗိုလ်ချုပ်ကြီး စကော့အား အနိုင်ယူရန် မက္ကဆီကို ဗိုလ်ချုပ်ကြီးဆန်တာအင်နာက ခံတပ်ကြီးကို အခိုင်အခံ့ ဆောက်ထားသည်။

အမေရိကန်သမ္မတ ဂျိမ်းနော့ပို့က နောက်ဆုံးအခွင့်အရေးပေးသည့်အနေဖြင့် မက္ကဆီကိုငြိမ်းချမ်းရေးစာချုပ်ချုပ်ရန် လိုလားသည်။ သို့သော် ယင်းကမ်းလှမ်းချက်ကို မက္ကဆီကိုတို့က ပယ်ချသည်။ သို့ရာတွင် ယခုဒေါ်လာ ၁၀၀၀၀ပေးပြီး လက်နက်ချသောအခါ ဒေါ်လာ ၁၀၀၀၀၀၀ပေးလျှင် ကမ်းလှမ်းချက်အတိုင်း ဆောင်ရွက်မည်ဟု ဗိုလ်ချုပ်ကြီး ဆန်တာအင်နာက တောင်းဆိုသည်။ သူ့ကို ဒေါ်လာ ၁၀၀၀၀ ပေးလိုက်သည်။ သို့သော် ယင်းကိစ္စနှင့်စပ်လျဉ်း၍ သူ့ထံမှနောက်ဆုံးကြားရခြင်းဖြစ်သည့် ချဉ်းကပ်လမ်းများကို အခိုင်အခံ့ စီမံထားသည်။ တစ်ဖန် ကပ္ပတိန်လီ၏ ထောက်လှမ်းသိရှိချက်မှာ အဖိုးမဖြတ်နိုင်အောင် ကောင်းသည်။ အစောင့်မရှိသည့်လမ်းကို ရှာတွေ့သည်။ အမေရိကန်တပ်များက ထိုလမ်းအတိုင်း ချီတက်သည်။ သို့ဖြင့် မက္ကဆီကိုစီးတီးသို့ အနီးကပ် ချဉ်းကပ်နိုင်သည်။

ထွက်တိုက်

ဆန်တာအင်နာ၏အမိန့်မရဘဲ ဗိုလ်ချုပ်ကြီးဗာလင်ရှားက အမေရိကန်တပ်များကို စောင့်မတိုက်ဘဲ ထွက်တိုက်၊ ပန်းတိုက်လာသည်။ အကြိတ်အနယ် တိုက်ရပြန်သည်။ တစ်ဖန် ဆန်တာအင်နာ၏ အင်အား ၉၀၀၀ရှိ တပ်ကပေါ်လာပြန်သည်။ အမေရိကန်တပ်များအနေဖြင့် နှစ်ဖက်ညှပ်အတိုက်ခံရမည်ကို စိုးရိမ်သွားသော်လည်း ဆန်တာအင်နာက ဆုတ်ခွာသွားသည်။ ထိုညတွင် အမေရိကန်တပ်များသည် ဗိုလ်ချုပ်ဗာလင်ရှားတပ်များ၏ ရှေ့တန်းသို့ချီတက်သော်လည်း မိုးလင်းသည့်အခါ တပ်၏ နောက်ပိုင်းကိုသာမိပြီး တရကြမ်းတိုက်ခိုက်သည်။ အမေရိကန်တပ်များက မက္ကဆီကိုတပ်များနောက်မှလိုက်လံကာ နောက်ဆုံးခုခံမှုများစွာမရှိသည့် ချူရူဘတ်ကို ခံတပ်သို့ရောက်သည်။ မအောင်မြင်သည့် ထိုးစစ်ကိုဆင်နွှဲရာ၌ အကျအဆုံးများသည်။ နောက်ဆုံး အမေရိကန်စစ်ကူများရောက်လာသည်။ အပြီးသတ်အားသွန်တိုက်ခိုက်ပြီးနောက် ခံတပ်သို့ ရောက်ရှိသွားသည်။ မက္ကဆီကိုစီးတီးမြို့တံခါးအထိ လိုက်တိုက်သည်။



ဗီလာခရုဇ် တိုက်ပွဲဆင်နွှဲစဉ် ကာလအတွင်း....။

တိုက်ပွဲအတွင်း

နှစ်ရက်ကြာတိုက်ပွဲအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၁၃၉ဦး ကျဆုံးပြီး ၈၇၆ ဦးဒဏ်ရာရသည်။ မက္ကဆီကို တပ်ဖွဲ့ဝင် ၄၀၀၀ ကျဆုံးပြီး ၃၀၀၀ ဖမ်းမိသည်။ မက္ကဆီကို ခံတပ်နှစ်ခု ရှိသေးသည်။ ပထမခံတပ်မှာ မိုလင်နိုဒဲရေးခံတပ်ဖြစ်ပြီး အမြန်ဆုံးသိမ်းပိုက်နိုင်သည်။ နောက်ဆုံးခံတပ်မှာ ချာပူတီပက်ဖြစ်သည်။ အခိုင်အခံ့ တည်ဆောက်ထားသည့် ခံတပ်ဖြစ်သည်။ ဤခံတပ်ကို သိမ်းရန် အမေရိကန်တပ်ဖွဲ့ဝင်များသည် အစွမ်းကုန်တိုက်ခိုက်ရသည်။ အကျအဆုံးများသည့်ကြားမှပင် ထိုခံတပ်ကို အမေရိကန် တပ်ဖွဲ့ဝင်များ သိမ်းပိုက်နိုင်သည်။ နောက်တစ်နေ့တွင် မက္ကဆီကို စီးတီးတိုက်ပွဲအောင်မြင်ကြောင်း ကြေညာနိုင်သည်။ ၁၈၄၇ ခုနှစ် စက်တင်ဘာ ၈ရက်မှ ၁၅ ရက်တိုင် တိုက်ခဲ့သည့် ပွဲသိမ်းတိုက်ပွဲ အပြီးတွင် မက္ကဆီကို-အမေရိကန် စစ်ပွဲမှာ အဆုံးသတ်သွားခဲ့ပေသည်။ ။

ကိုးကား-အင်တာနက်

ချာပူတီပက်ခံတပ်ကို အမေရိကန်တပ်ဖွဲ့ဝင်များ သိမ်းပိုက်နိုင်၊ ၁၈၄၇ ခုနှစ် စက်တင်ဘာ၈ရက်မှ ၁၅ရက်တိုင် တိုက်ခဲ့သည့် ပွဲသိမ်းတိုက်ပွဲအပြီးတွင် မက္ကဆီကို-အမေရိကန်စစ်ပွဲမှာ အဆုံးသတ်သွား။



နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ကိုလံဘီယာ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ကိုလံဘီယာနိုင်ငံအလယ်ပိုင်း တိုလီမာမြို့တွင် မေ ၂၄ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၂၄ဦးဒဏ်ရာရရှိပြီး အဆောက်အအုံအချို့ပျက်စီးခဲ့ကြောင်း ကိုလံဘီယာရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

ရာသီဥတုဆိုးရွားမှုကြောင့် ဗျူနို့အေရိစ်လေဆိပ်ပိတ်ထား

အာဂျင်တီးနားနိုင်ငံ ဗျူနို့အေရိစ်လေဆိပ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းများ တိုက်ခတ်မှုကြောင့် လေယာဉ်တစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွားပြီးနောက် မေ၂၄ရက်မှ စတင်ကာ လေဆိပ်ကို ခေတ္တပိတ်ထားလိုက်ကြောင်း ဗျူနို့အေရိစ်လေဆိပ်အရာရှိများက ပြောကြားသည်။

အစ္စရေးတို့ပစ်ခတ်မှု ပါလက်စတိုင်းတို့ ဒဏ်ရာရရှိ

အစ္စရေးတပ်ဖွဲ့များက ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းသို့ မေ၂၄ရက်က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းအရပ်သားအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

အိုင်အေအီးအေနှင့်ပူးပေါင်းရန် ဂျာမနီတိုက်တွန်း

နျူကလီးယားလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး နိုင်ငံတကာ၏လိုလားမှုကို ဖြည့်ဆည်းရန် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)နှင့် အီရန်ပူးပေါင်းဆောင်ရွက်ရန် ဂျာမနီတို့က မေ၂၄ရက်၌ တိုက်တွန်းလိုက်သည်။

တရုတ် အနောက်တောင်ပိုင်း၌ တောမီးလောင်

တရုတ် အနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် မေ၂၄ရက်နံနက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ အနီးဝန်းကျင်၌နေထိုင်သူ ဒေသခံ၂ဦး သေဆုံးခဲ့ကြောင်း၊ တောမီးငြိမ်းသတ်ရန် မီးသတ်တပ်ဖွဲ့ဝင်များ ကြိုးစားလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ယီမင်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ယီမင်နိုင်ငံတောင်ပိုင်း ဂျာရာမြို့တွင် မေ၂၄ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး လူအများအပြားဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့အပြင် လက်နက်ကိုင်များနှင့် ယီမင်တပ်ဖွဲ့ဝင်များ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားကြောင်း ယီမင်အရာရှိများက ပြောကြားသည်။

နော်ဝေဆိပ်ကမ်း၌ ဂျာမန်သင်္ဘောမီးလောင်

နော်ဝေနိုင်ငံအနောက်ပိုင်း အိဒ်ဂျော့ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ဂျာမန်ခရီးသည်တင် သင်္ဘောတစ်စင်း၏အင်ဂျင်ခန်းမှ မေ၂၄ရက်က မီးလောင်မှုဖြစ်ပွားရာ ခရီးသည်အားလုံးကိုကယ်ဆယ်နိုင်ခဲ့ကြောင်း၊ သင်္ဘောအစိတ်အပိုင်းအများအပြား မီးလောင်ကျွမ်းခံခဲ့ရကြောင်း နော်ဝေဆိပ်ကမ်းအရာရှိများက ပြောကြားသည်။

အီရန်က ဆက်သွယ်ရေးဂြိုဟ်တုနှစ်လုံးလွှတ်တင်မည်

အီရန်နိုင်ငံသည် လာမည့်နှစ် မတ်လ၌ ဆက်သွယ်ရေးဂြိုဟ်တုနှစ်လုံးကိုလွှတ်တင်ရန် စီစဉ်နေပြီဖြစ်ကြောင်း၊ ယင်းဂြိုဟ်တုများသည် ပြည်တွင်းလုပ်ဂြိုဟ်တုများဖြစ်ကြောင်း အီရန်အရာရှိများက မေ၂၄ရက်၌ ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးနှုန်းများ ကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ မေ၂၄ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၈၄ဒသမ၃၃ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။ ။

(အင်တာနက်)

မြောင်းတကာစက်မှုဇုန် ရေဒီယိုစခန်းတည်ဆောက်နေမှု

တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၉ရက် မွန်းလွဲပိုင်းက မှော်ဘီမြို့နယ် လူမှုစောင့်ရှောက်ရေးဌာနရှိ အဆောက်အအုံ တိုးချဲ့ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် အောက်ဝါးနက်ချောင်းကျေးရွာ စက်ရေတွင်းတူးဖော်သည့်နေရာသို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက မြို့နယ်အတွင်း စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူတို့အား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် သစ်တောဦးစီးဌာန မျိုးဥယျာဉ်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက မျိုးပင်များ မျိုးထောင်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက မျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာကြည့်တိုက်ဖွင့်ပွဲ

ဆက်လက်၍ တိုင်းမှူးသည် မြောက်ချောကုန်းကျေးရွာ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကာ စာကြည့်တိုက်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ရေဒီယိုစခန်း

ထို့နောက် မြောင်းတကာစက်မှုဇုန်ရှိ ရေဒီယိုစခန်းတည်ဆောက်နေမှု အခြေအနေနှင့် သံမဏိ သံရည်ကျိုစက်ရုံ၌ သံရည်ကျိုပုံသွင်းပုံလောင်း ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားသည်။

ရန်ကုန်-ပြည်လမ်းပိုင်း

ယင်းနောက် မှော်ဘီနည်းပညာတက္ကသိုလ်ရှေ့ အဝင်လမ်းနှင့် ရန်ကုန်-ပြည်လမ်းပိုင်း မွမ်းမံပြင်ဆင်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ ရက်မှ ၃၁ ရက်အထိ



ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ဝါးတန်းဆိပ်ကမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေး

သတိပေးနှိုးဆော်ချက်

ယခုအချိန်အခါသည် ပူပြင်းပြီး မိုးကြိုကာလဖြစ်သည်နှင့်အညီ ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်တို့တွင် လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းဘေး အန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ဖြစ်စေနိုင်ပါသည်။

သို့ဖြစ်၍ မုန်တိုင်းဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါ အချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) တီဗွီ၊ ရေဒီယိုနှင့် FM ရေဒီယိုများမှ ထုတ်လွှင့်သော ''မုန်တိုင်းသတင်း''နှင့် ''မုန်တိုင်း သတိပေးချက်''များကို ကိုယ်တိုင်ဂရုတစိုက် ကြည့်ရှုနားထောင်ပါ၊ ကောလာဟလ သတင်းများကို မယုံကြည်ပါနှင့်။

(၂) ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်၍ မြန်မာနိုင်ငံအတွက် အန္တရာယ်မရှိပါက ''မုန်တိုင်းသတင်း''အဖြစ် ထုတ်ပြန်ကြေညာပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်တိုက်ခတ်မည်ဆိုပါက ''မုန်တိုင်းသတိပေးချက်''အဖြစ် ထုတ်ပြန်ကြေညာလျက်ရှိပါသဖြင့် သတင်း ထုတ်ပြန်ချက်များကို သေချာစွာ ဂရုပြုနားထောင်ပါ။

(၃) မုန်တိုင်းသတိပေးချက်အရ မိမိတို့နေထိုင်ရာဒေသသို့ အင်အားပြင်းထန်သည့် မုန်တိုင်းဖြတ်သန်း ဝင်ရောက်နိုင်ပါက မိမိ မိသားစုဝင်များအား ဘေးကင်းရာသို့ အမြန်ဆုံးရောက်နိုင်မည့် လမ်းကို အသုံးပြု၍ ကြိုတင်ရှောင်ရှားပါ။ အရေးကြီးပစ္စည်းများနှင့် ရေဒီယို၊ ဓာတ်မီး၊ သောက်ရေ၊ ကြာရှည်ခံအစားအစာ၊ ဆေးဝါး၊ မိမိပိုင် ကျွဲ၊ နွားများကို ယူဆောင်သွားနိုင်ရန် စီစဉ်ထားပါ။

(၄) ပင်လယ်ပြင် ငါးဖမ်းထွက်သူများ၊ နယ်ဝေးခရီးရှည် ထွက်ခွာသူများကိုလည်း မုန်တိုင်းသတိပေးချက်သိရှိနိုင်ရန် ဆက်သွယ်သတင်းပို့ပါ။

(၅) ကလေးသူငယ်များ၊ နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ခေါ်ဆောင်သွားနိုင်ရေး ဆောင်ရွက်ပါ။

(၆) ပျက်စီးဆုံးရှုံးနိုင်သော ပစ္စည်းများကို လုံခြုံစိတ်ချရသော နေရာတွင် စနစ်တကျ ထုပ်ပိုး သိမ်းဆည်းထားပါ။

(၇) မုန်တိုင်းဝင်ရောက်တိုက်ခတ်ချိန်တွင် မုန်တိုင်းဘေးလွတ်ကင်းနိုင်သည့် ခိုလှုံရာနေရာ၌ မိမိ မိသားစုဝင်များအားလုံး ပြင်ပသို့ မထွက်ဘဲ နေထိုင်ပါ။ မိမိခိုလှုံသည့် အဆောက်အအုံသည် ပြိုကျနိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်များ၏အောက်တွင် ခိုလှုံနေထိုင်ပါ။

(၈) မုန်တိုင်းအန္တရာယ် ကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ချက်ရရှိမှသာ အဆောက်အအုံ ပြင်ပသို့ထွက်ပါ။ မိမိ မိသားစုဝင်များ ထိခိုက်မှုရှိပါက ဆေးကုသမှုခံယူပါ။

(၉) သက်ဆိုင်ရာမှ ထုတ်ပြန်သည့်သတင်းနှင့် အကြံပြုချက်များကိုသာ ယုံကြည်ပြီး လိုက်နာ ဆောင်ရွက်ပါ။

(၁၀) မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် အပျက်အစီးများကို တာဝန်မရှိဘဲ လှည့်လည်ကြည့်ရှုခြင်း မပြုလုပ်ပါနှင့်။ ပြတ်ကျနေသော လျှပ်စစ်မီးကြိုးများကို မထိမိစေရန် ရှောင်ရှား၍ နီးစပ်ရာ လျှပ်စစ်ရုံးသို့ အကြောင်းကြားပါ။

(၁၁) ဝမ်းရောဂါ ကျရောက်တတ်သဖြင့် ရေကိုကျိုချက်၍ သောက်ပါ။ အအေးမိဖျားနာခြင်း မဖြစ်စေရန် နွေးထွေးစွာ နေပါ။

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ

ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများနှင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ

ပို့ဆောင်ရေးဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် မေ၂၃ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး အစည်းအဝေးခန်းမသို့ရောက်ရှိလာရာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေးက ကမ်းနားလမ်း လမ်းသစ်အား အသေးစိတ်တိုင်းတာမှု၊ ဆိပ်ကမ်းသိုလှောင်ရုံ အခြေအနေနှင့် လမ်းမတော် (မော်တင်)ရှိ ဆိပ်ကမ်းသိုလှောင်ရုံများနှင့် ဆိပ်ခံတံတား အခြေအနေတို့ကိုလည်းကောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ခရီးသည်တင် ရေယာဉ်များ အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

လိုက်ပါစီးနင်းမှု

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဗိုလ်တထောင်ဘုရားဆိပ်ကမ်းမှ စဥ့်အိုးတန်း ဆိပ်ကမ်းအထိ ဆိပ်ကမ်းနှင့် ဆိပ်ခံတံတားများအခြေအနေ၊ မော်တင်ဆိပ်ကမ်း၌ ရန်ကုန်မှ လပွတ္တာသို့ ထွက်ခွာမည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဝိဇယ ရေယာဉ်တွင် ခရီးသည်များ လိုက်ပါစီးနင်းမှုနှင့် ကုန်များတင်ဆောင်ထားရှိမှုအခြေအနေ၊ ဝါးတန်း ဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ပြေးဆွဲသည့် မောင်းတက်မောင်းဆင်း ''ရိုရို(၄)'' ရေယာဉ်ပေါ်သို့ မော်တော်ယာဉ်များ တင်ဆောင်နေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

စေတနာထား

ထို့နောက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနရုံးခွဲသို့ ရောက်ရှိရာ ရုံးအစည်းအဝေးခန်းမ၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးက သယ်ယူပို့ဆောင်ရေးဌာနခွဲ ခြောက်ခု၏ လုပ်ငန်းဆောင်ရွက်မှု၊ ရေယာဉ်များ ပြေးဆွဲမှု အခြေအနေတို့ကို လည်းကောင်း၊ လက်ထောက်အထွေထွေမန်နေဂျာ ဦးမျိုးနိုင်က ပြေးဆွဲလျက်ရှိသော ရေယာဉ်များနှင့်ခရီးလမ်းအခြေအနေ၊ ကူးတို့လိုင်း အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ရေယာဉ်များ ဝင်ချိန်၊ ထွက်ချိန် မှန်ကန်ရေး၊ ခရီးသည်နှင့် ကုန်ပစ္စည်းများလုံခြုံမှု အစဉ်သတိပြု ဆောင်ရွက်ရေး၊ မလိုလားအပ်ဘဲ ကြန့်ကြာမှုမရှိစေရန် ဝန်ထမ်းများအားလုံး ဂရုပြုဆောင်ရွက်ရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် စေတနာထား ဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးစပါးလျာထားချက်ပြည့်မီအောင်စိုက်ပျိုးရေး

တာချီလိတ်တွင် တွေ့ဆုံဆွေးနွေး

တာချီလိတ် မေ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးညှိနှိုင်းအစည်းအဝေးကို မေ၂၁ရက် မွန်းလွဲ ၁နာရီက တာချီလိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထူးမောင်က မိုးစပါး လျာထားဧကပြည့်မီကျော်လွန်အောင်စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးတို့အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ကျွန်း၊ ပျဉ်းကတိုးနှင့် ယူကလစ်ပင်များစိုက်ပျိုးရေး၊ မိုးရာသီကာလအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်ရေးအတွက် ရေစီးရေလာ ကောင်းမွန်ရေးတို့အတွက် ကြိုတင် ဆောင်ရွက်ထားရှိရေးတို့ကို ဆွေးနွေးပြောကြားသည်။ (အပေါ်ပုံ)

ကြိုးပမ်း

ယခုအခါ တာချီလိတ်မြို့နယ်အတွင်း ပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် လာမည့် မိုးရာသီကာလအတွင်း ကျေးလက်အိမ်ရာ၊ သစ်တောစိုက်ခင်းများ တည်ထောင်ကာ ကျွန်း၊ ပျဉ်းကတိုးနှင့် ယူကလစ်ပင်များ စုစုပေါင်း တစ်သိန်းသုံးသောင်းငါးထောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ (၀၁၆)

❒ *ကျော်ဖုံးမှ*

အောင်ရေရရှိနေသည်ဖြစ်ရာ သတင်းအဖွဲ့ ချောင်းကောက်တမံသို့ သွားရောက်ခဲ့သည်။

ရောက်ရှိ

မိတ္ထီလာ-ပျော်ဘွယ် လမ်းအတိုင်း မိတ္ထီလာမြို့မှ ၁၀မိုင်ခန့် သွားပြီးနောက် ခုနစ်မိုင်ခန့် မြေသားလမ်းအတိုင်း ဝင်ရောက်ခဲ့ရာ ရေများပြည့်နေသော ချောင်းကောက်တမံသို့ ရောက်ရှိခဲ့သည်။ ချောင်းကောက်တမံထိပ်ရှိ ရှင်းလင်းဆောင်၌ မိတ္ထီလာမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသိန်းဇော်လှိုင်က "ချောင်းကောက်တမံက ချောင်းကောက်ချောင်းကိုပိတ်ပြီး တမံလုပ်ထားတာပါ။ မြေသားတမံ အမျိုးအစားဖြစ်ပြီး အလျားပေ ၆၈၀၀၊ အမြင့် ၇၄ပေနဲ့ တမံထိပ်အကျယ် ပေ ၂၀ ရှိပါတယ်။ ရေလှောင်ပမာဏက ဧကပေ ၁၃၂၅၀ ဖြစ်ပြီး ချောင်းကောက်တမံအတွင်း စီးဝင်တဲ့ ရေဆင်းဧရိယာက ၇၈စတုရန်းပေ ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

တည်ရှိ

ချောင်းကောက် ရေလှောင်တမံသည် မိတ္ထီလာမြို့နယ် လက်သဲကျိုးရွာအနီးတည်ရှိပြီး ပျော်ဘွယ်မြို့နယ်နှင့်လည်း ထိစပ်လျက်ရှိသည်။ ၁၉၉၃-၉၄ ခုနှစ်တွင် စတင်တည်ဆောက်ပြီး ၁၉၉၅-၉၆ ခုနှစ်၌ ပြီးစီးခဲ့သည်။ ၁၉၉၇ ခုနှစ်၌ ချောင်းကောက်တမံမှရေကိုစတင်အသုံးပြုနိုင်ခဲ့သည်။

"ချောင်းကောက်တမံရဲ့ ရေကို အသုံးပြုရာမှာ မိတ္ထီလာမြို့နယ်အတွင်းမှာ စိုက်ဧက ၄၂၇၇ ဧကဖြစ်ပြီး ပျော်ဘွယ်မြို့နယ်အတွင်းမှာတော့ ဧက ၂၀၀၀ ဖြစ်ပါတယ်။ ဒီတမံကရေကို စိုက်ပျိုးရေးအတွက် ဖြန့်ဝေပေးသလို မိတ္ထီလာကန်အတွက်လည်း ဖြည့်ဆည်းပေးနေပါတယ်"ဟု ဦးသိန်းဇော်လှိုင်က သတင်းအဖွဲ့သို့ ဆက်လက်ရှင်းပြသည်။

"ချောင်းကောက်တမံရေ ရရှိတာမို့ ဝါစိုက်ပျိုးရတာ အခက်အခဲမရှိတော့ပါဘူး။"
ဦးထွန်းအောင်(တောင်သူ)။

အေးမြလတ်ဆတ်

ချောင်းကောက်တမံ၏ အနေအထားကို အနီးကပ် လေ့လာနိုင်ရန် တမံပေါင်ပေါ်သို့ တက်ရောက်လေ့လာခဲ့သည်။ တမံရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသောလေကို အေးမြလတ်ဆတ်စွာ ရှူရှိုက်လိုက်ရသည်။ ပူပြင်းသောရာသီ၌ ချောင်းကောက်တမံရေပြင်က အိုအေစစ်တစ်ခုသဖွယ်ပင်။

ရေးဆွဲထား

"ရေလှောင်နိုင်တဲ့ ပမာဏက ဧကပေ ၁၃၂၅၀ဆိုတော့ အခုအဖြူရောင်နဲ့ ရေးဆွဲထားတဲ့ အမှတ်အသားအထိ ရေဖြည့်ပါတယ်။ အဲဒီသတ်မှတ်နေရာထက် ကျော်ပြီး ပိုလျှံတဲ့ရေကိုတော့ တမံရဲ့ခံနိုင်ရည်အားထက် ရေထုတွန်းအားပိုများတာမို့ လက်ဝဲရေပေးမြောင်းမကြီး ပြုလုပ်ပေးထားပါတယ်"ဟု ၎င်းက တမံပေါင်ပေါ်မှနေ၍ အသေးစိတ်ရှင်းပြသည်။

"ဒီတမံကရေကို စိုက်ပျိုးရေးအတွက် ဖြန့်ဝေပေးသလို မိတ္ထီလာကန်အတွက်လည်း ဖြည့်ဆည်းပေးနေပါတယ်။"
ဦးသိန်းဇော်လှိုင်
ဒုတိယဦးစီးမှူး၊
ဆည်မြောင်းဦးစီးဌာန။

ဖောက်လုပ်

တမံရေအပြည့်ရှိချိန်တွင် ရေပြည့်အမှတ်ပေ ၇၉၀ ရှိပြီး ရေအနက်မှာ ၆၄ ပေ ရှိသည်။ ထိုသို့ ရေပမာဏရှိချိန်တွင် ရေအမြင့် ၁၀ပေအထိ ရေပေး၍ရကြောင်း သိရသည်။ ချောင်းကောက်တမံမှ ခုနစ်မိုင်ခန့်အကွာတွင် ချောင်းကောက်ရေလွှဲဆည် တည်ဆောက်ထားပြီး လက်ဝဲမြောင်းနှင့် လက်ယာမြောင်းများ ဖောက်လုပ်ထားသည်။

"လက်ဝဲမြောင်းဟာ အရှည် ပေ ၄၀၀၀၀ ကျော်ရှိပြီး လက်ယာမြောင်းက အရှည်ပေ ၁၅၅၀၀ခန့်ရှိပါတယ်။ လက်ဝဲမြောင်းက မိတ္ထီလာမြို့နယ်အတွင်း စိုက်ပျိုးမြေတွေကို ရေပေးဝေပြီး လက်ယာမြောင်းကတော့ ပျော်ဘွယ်မြို့နယ်အတွင်း စိုက်ပျိုးမြေတွေကို ရေပေးဝေပါတယ်" ဟု ဦးသိန်းဇော်လှိုင်က သတင်းအဖွဲ့သို့ ရှင်းပြသည်။

စိုက်ပျိုး

ချောင်းကောက်တမံမှ ရေများကို ချောင်းကောက်ရေလွှဲဆည်မှ တစ်ဆင့် စိုက်ပျိုးရေဖြန့်ဝေပေးလျက်ရှိရာ နွေစပါးဧက ၃၀၀နှင့် ဝါစိုက်ဧက ၁၅၀ အတွက် စိုက်ပျိုးရေ ရရှိစေလျက်ရှိသည်။ မိတ္ထီလာမြို့နယ်အတွင်း ချောင်းကောက်တမံမှ ရရှိသော စိုက်ပျိုးရေများကို ကုက္ကိုကုန်း၊ လှည်းပွဲ၊ သပြေပင်၊ မြာ၊ ရေဝေ၊ တဲကြီးကုန်းနှင့် ဇီးချိုကုန်း ကျေးရွာအုပ်စုများမှ တောင်သူများကရယူကာ စိုက်ပျိုးကြခြင်းဖြစ်သည်။

ချောင်းကောက်တမံမှ ရရှိသော ရေဖြင့် စိုက်ပျိုးနေသော တောင်သူ ဦးထွန်းအောင်အား လယ်ကွင်းထဲ၌ပင် သွားရောက် တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်ကတော့ ဒီနှစ်မှာ ဝါစိုက်ပျိုးထားပါတယ်။ မိုးရွာသွန်းမှုသာမက တမံရေရတာကြောင့် ဝါစိုက်ပျိုးရတာ အခက်အခဲမရှိပါဘူး၊ အောင်မြင်ပါတယ်"ဟု သတင်းအဖွဲ့အား ရှင်းပြသည်။

ဦးထွန်းအောင်၏ ဝါစိုက်ခင်းမှာ စိမ်းစိုပြီး အပင်သန်စွမ်းမှု အားကောင်းလျက်ရှိသည်။ အပင်လှီခြင်း၊ ကြီးထွားမှု မညီမျှခြင်းတို့မရှိဘဲ မျှော်မှန်းထားသည့်အတိုင်း ဝါအထွက်နှုန်းကောင်းမည်ဖြစ်သည်။

ဖြည့်ဆည်း

ချောင်းကောက်တမံရေနှင့် စိုက်ပျိုးရေးအောင်မြင်ရန် ဖြည့်ဆည်းနိုင်သဖြင့် မိတ္ထီလာမြို့နယ် စိုက်ခင်းများ စိမ်းစိုနေမှုကို မြင်တွေ့ခဲ့ရသည်။ ချောင်းကောက်တမံကား အကျိုးပြုမှုများစွာဖြင့် မိတ္ထီလာမြို့နယ်၏အလှကို ပိုမိုလှပအောင် ဖြည့်ဆည်းပေးသကဲ့သို့ ဖြစ်နေသည်ကို လေ့လာတွေ့ရှိခဲ့ရပါကြောင်း။ ။

(မြန်မာ့အလင်း)

စိမ်းစိုလန်းဆန်းနေသော နွေစပါးစိုက်ခင်းနှင့် ဝါစိုက်ခင်းကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။

မိတ္ထီလာမြို့နယ်အတွင်း ချောင်းကောက်တမံမှရရှိသော စိုက်ပျိုးရေများကို ကုက္ကိုကုန်း၊ လှည်းပွဲ၊ သပြေပင်၊ မြာ၊ ရေဝေ၊ တဲကြီးကုန်းနှင့် ဇီးချိုကုန်း ကျေးရွာအုပ်စုများမှ တောင်သူများက ရယူကာ စိုက်ပျိုးကြခြင်းဖြစ်။

မဟာဗန္ဓုလတံတား အဆင်းတွင် သစ်လုံးတင်ယာဉ်တစ်စီး တိမ်းမှောက် သုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာများရရှိ

နေပြည်တော် မေ ၂၄

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် မဟာဗန္ဓုလတံတားအဆင်းတွင် မေ ၂၀ရက် နံနက်ပိုင်းက သစ်လုံးတင်ယာဉ်တစ်စီး တိမ်းမှောက်မှုကြောင့် သုံးဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဆေးကုသ

မေ ၂၀ရက် နံနက် ၁၁နာရီခွဲခန့်က ဒေါပုံမြို့နယ် မဟာဗန္ဓုလတံတား အတိုင်း မောင်းနှင်လာသည့် နစ်ဆန်းဒီဇယ် သစ်လုံးတင်ယာဉ်တစ်စီးသည် မဟာဗန္ဓုလတံတားအဆင်း ယမုံနာလမ်းဆုံအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအုတ်ခုံကို တိုက်မိပြီး ယာဘက်သို့ တိမ်းမှောက်ကာ သစ်လုံးများပြိုကျခဲ့ကြောင်း၊ သစ်လုံးများသည် ၎င်းယာဉ်၏ ယာဘက်ရှိ အငှားယာဉ်ပေါ်သို့ပြိုကျကာ အငှားယာဉ်ပေါ်ပါ ခရီးသည် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် လမ်းလျှောက်သွားနေသူ အသက် ၁၂ နှစ်အရွယ် လူငယ် အမျိုးသားတစ်ဦးတို့ သေဆုံးခဲ့ပြီး လမ်းလျှောက်သွားနေသူ အမျိုးသားကြီးတစ်ဦး၊ အမျိုးသမီး သုံးဦးနှင့် အငှားယာဉ်မောင်းတို့မှာ ဒဏ်ရာများ ရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသလျက်ရှိကြောင်း သိရသည်။

လျှော့နည်းကျဆင်း

ယာဉ်များကြွခိုင်မှု ရှိ၊ မရှိ သတ်မှတ်စည်းကမ်းများအတိုင်း မောင်းနှင်ခြင်း ရှိ၊ မရှိ တို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက အမြဲမပြတ် စစ်ဆေးလျက်ရှိသော်လည်း ယာဉ်မောင်းသူများအနေဖြင့် တာဝန်ရှိသူများ စစ်ဆေးချိန်တွင်သာ စည်းကမ်းလိုက်နာပြီး မျက်ကွယ်တွင် စည်းကမ်းစနစ်တကျမရှိသဖြင့် ယခုကဲ့သို့ ယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်များ မကြာခဏဖြစ်ပွားရကြောင်း၊ ယခုယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်တွင် ဘေးရှိ အငှားယာဉ်ပေါ်မှခရီးသည်များ၊ လမ်းဘေးတွင်လမ်းလျှောက်နေသည့် ခရီးသည်များပါ သေဆုံး၊ ထိခိုက် ဒဏ်ရာရရှိရသဖြင့် ဝမ်းနည်းဖွယ်ဖြစ်ကြောင်း၊ ယာဉ်တိုက်ခိုက် တိမ်းမှောက်မှုများ လျှော့နည်းကျဆင်းစေရေးအတွက် အားလုံးက အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး တာဝန်ရှိသူတစ်ဦးက သတင်းဌာနသို့ ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

တန်ဖိုးရှိလှ
လူငယ်ဘဝ
မူးယစ်ကင်းစင်
ကျန်းမာမှ

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ် ဖြန့်ချိ

ရန်ကုန် မေ ၂၄

မင်္ဂလာဈေးမီးလောင်မှုဖြစ်ပွား၊ ရွေးကောက်ပွဲဝင်ရန် ဆုံးဖြတ်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်ဟောင်းများပါဝင်သော အမျိုးသားဒီမိုကရေစီ အင်အားစုပါတီနှင့် တွေ့ဆုံမေးမြန်းခြင်း သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၂၉)ကို ယနေ့ဖြန့်ချိလိုက်သည်။

ထုတ်ဝေဖြန့်ချိ

မြန်မာနိုင်ငံအထက်ပိုင်းအတွက် ကျောက်မီးသွေးအသုံးပြု လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်မည်၊ လိုင်လာမုန်တိုင်းပြီးဆုံးသွားပြီဖြစ်သော်လည်း နောက်ထပ် မုန်တိုင်းငယ်တစ်ခုဖြစ်ပေါ်နေသဖြင့် သတိပြုစောင့်ကြည့်ရန်လို၊ မဟာဗန္ဓုလတံတားအဆင်း သစ်လုံးတင်ယာဉ်တိမ်းမှောက် သုံးဦးသေဆုံး၊ ဆရာတော်အရှင်ဆန္ဒာဓိကနှင့် ရွှေပါရမီအဖွဲ့မှ သွေးလှူဘဏ်သို့ ငွေကျပ် ၇၅သိန်းကျော်လှူဒါန်း၊ ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ ဓားပြတိုက်မှုဖြစ်ပွား သေနတ်ပစ်ခတ်၍ နှစ်ဦးသေဆုံး၊ MCPAအသင်းမှ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သော အသင်းသား ၂၀ကို ဂျပန်နိုင်ငံသို့ ITနည်းပညာဆိုင်ရာ လေ့လာခရီးစေလွှတ်မည်၊ ဂျာမနီနိုင်ငံက ပေးအပ်မည့် ပညာသင်ဆု မြန်မာကျောင်းသားများလျှောက်ထားနိုင်၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ မြေထိုးစက်တစ်စီးနှင့် ကရိန်းကားတစ်စီးတို့ကို မိုရေးမြို့တွင် လက်ဆောင်ပေးအပ်၊ မြေမြှုပ်သင်္ချိုင်းပြီးမှ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် ဖော်ထုတ်ပေးရန် တိုင်တန်းမှုဖြစ်ပွား၊ ပြည်သူများစိတ်ဝင်စားနေသည့် ဝ၉-၉၉ ဟန်းဖုန်းများ သိမ်းဆည်းဆိုသောသတင်းမှာ ကောလာဟလဖြစ်၊ ကြက်သွန်နီဈေးနှုန်းများကျဆင်းနေခြင်းကြောင့် တောင်သူများအခက်တွေ့နေ၊ ကိုရီးယားကျွန်းဆွယ်ရှိ အမေရိကန်တပ်များနှင့်ပတ်သက်၍ ပင်တဂွန်၏ ပြင်ဆင်မှု၊ အစ္စရေးသတင်းစာတစ်စောင်တွင် အီရန်ကို ဗုံးကြဲရန်တောင်းဆိုထား စသည့် နောက်ဆုံးရပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။

(သတင်းစဉ်)

သောက်သုံးရေဖြန့်ဝေ

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ ပူးပေါင်းလျက် ချည်မျှင်နှင့်အထည်စက်ရုံမှ ဂါလန် ၁၂၀၀ဆံ့ ရေသယ်ယာဉ်တစ်စီး၊ အက်စစ်စက်ရုံမှ ဂါလန် ၁၆၀၀ဆံ့ ရေသယ်ယာဉ်တစ်စီး၊ မြို့နယ်မီးသတ်မှ ဂါလန် ၆၅၀ဆံ့ ရေသယ်ယာဉ်တစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဂါလန် ၁၀၀၀ဆံ့ ရေသယ်ယာဉ်တစ်စီး စုစုပေါင်းရေသယ်ယာဉ်လေးစီးဖြင့် ရေရှားပါးသော ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၅-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။	အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။	အတီးပြိုင်ပွဲ
၈:၀၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၁၅	၈။	**ရှင်နှောင်း ကျောင်းရောက်ပြီ**
၈:၃၀	၉။	တေးဂီတအစီအစဉ်
၈:၄၀	၁၀။	International News
၈:၄၅	၁၁။	Local Talent
၈:၅၀	၁၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၉:၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀	၁။	**Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ရတနာပုံ F.C နှင့် နေပြည်တော် F.C)**
၅:၀၀	၂။	ကြေးမုံရိပ်သွင် တေးနုယဉ်
၅:၁၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၂၅	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၅	၅။	အကပြိုင်ပွဲ
၅:၄၅	၆။	ရင်မှာစွဲထင် တေးအလှသံစဉ်
၆:၀၀	၇။	ညနေခင်းသတင်း
၆:၁၅	၈။	မိုးလေဝသအခြေအနေ
၆:၂၀	၉။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅	၁၀။	ဆိုလိုက်ကြစို့
၇:၀၀	၁၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၂၄)
၈:၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၁၈)
	၁၆။	ရုပ်ရှင်ပဟေဠိ
	၁၇။	အစီအစဉ်ပြီး၏။

နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ

စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၂၄

နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုပြီးဖြစ်သော အဖွဲ့များအနက် အောက်ဖော်ပြပါအဖွဲ့များက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ကို ၂၀၁၀ခုနှစ် မေ ၂၄ရက်တွင် လာရောက် လျှောက်ထားခဲ့ကြသည်-

(၁) မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ
(၂) ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)
(၃) အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ
(၄) ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (Rakhine Nationalities Development Party)

ယင်းသို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်အဖွဲ့များအနက် အောက်ဖော်ပြပါအဖွဲ့များ သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် မေ ၂၄ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်-

(၁) တအာင်း (ပလောင်)အမျိုးသားပါတီ
(၂) မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ
(၃) ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၀)ရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ (၂၈)ပါတီအနက် ပါတီ (၁၄)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ

(၁၁)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၄

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ကျွန်းရွှေဝါခန်းမ၌ ကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အထူး လုပ်ငန်းအဖွဲ့ ခုနစ်ဖွဲ့၏ ခေါင်းဆောင် များဖြစ်ကြသော ဒုတိယဝန်ကြီး များနှင့် ကိုယ်စားလှယ်များက မိမိတို့ တာဝန်ယူထားသော ပြည်နယ်နှင့်တိုင်း တို့၌ လေးလပတ် ကာလအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေး "သက်ရှိလောက တည်မြဲဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့" ရုပ်/သံ အစီအစဉ်ကို ပြသသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အထူးလုပ်ငန်းအဖွဲ့ ခေါင်းဆောင်များဖြစ်ကြသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်း နှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးစန်းလွင်တို့က သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ် များနှင့်စပ်လျဉ်း၍ အသေးစိတ် ပြန်လည်ဆွေးနွေးတင်ပြကြပြီး ကော်မတီ အတွင်းရေးမှူး သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေး မြင့်မောင်က ဆက်လက်ဆောင်ရွက် ရန် စီစဉ်ထားသည့် ရှေ့လုပ်ငန်းစဉ် များကို ရှင်းလင်းတင်ပြသည်။

အမှာစကား

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးသိန်းအောင်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က

မြန်မာနိုင်ငံအား မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါ

လျော့နည်းပပျောက်သောနိုင်ငံအဖြစ် အသိအမှတ်ပြု

နေပြည်တော် မေ ၂၄

ကျန်းမာရေးဝန်ကြီးဌာနသည်လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာ နေနိုင် ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေး တို့ကို ရည်မှန်းချက်ထားရှိပြီး ဆောင် ရွက်လျက်ရှိရာမိခင်နှင့် မွေးကင်းစ ကလေး မေးခိုင်ရောဂါကို ပြည်သူ့ ကျန်းမာရေးပြဿနာအဖြစ်မှ လျော့ နည်းပပျောက်ရေးအတွက် ရည်မှန်း ချက် ချမှတ်၍ ၁၉၉၉ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့သည်။

အရှိန်အဟုန်မြှင့်

အဆိုပါ ရည်မှန်းချက်ပြည့်မီရန် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစ ကလေးများအား မေးခိုင်ရောဂါကာကွယ် ဆေးထိုးနှံမှု အားဖြည့်ဆောင်ရွက်ခြင်း၊ ကိုယ်ဝန်ဆောင်များ၏ ကျန်းမာရေး စောင့်ရှောက်မှု အဆင့်အတန်းမြှင့်တင် ခြင်း၊ ကျွမ်းကျင်သောဆရာဝန်၊ သားဖွား ဆရာမများနှင့် သန့်ရှင်းစိတ်ချစွာ မွေးဖွားပေးခြင်းလုပ်ငန်းတို့ကို အရှိန် အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ ကလေးများ ရန်ပုံငွေအဖွဲ့တို့မှ နိုင်ငံ တကာ ပညာရှင်များ ပါဝင်သောအဖွဲ့သည် ၂၀၁၀ခုနှစ် မေ ၅ရက်မှ ၁၆ရက်အတွင်း မြို့နယ်အချို့သို့ ကွင်းဆင်းကာ ၂၀၀၉ ခုနှစ် ဧပြီလမှ ၂၀၁၀ခုနှစ်ဧပြီလအတွင်း မွေးကင်းစကလေး မေးခိုင်ရောဂါဖြင့် သေဆုံးမှုအခြေအနေကို စစ်ဆေးခဲ့ပြီး မေ ၁၈ရက်တွင် မြန်မာနိုင်ငံအား မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါ လျော့နည်းပပျောက်သော နိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အသိ အမှတ်ပြုကြောင်း ကျန်းမာရေးဝန်ကြီး ဌာနသို့ အကြောင်းကြားခဲ့သည်။

ဆက်လက်ဆောင်ရွက်လျက်ရှိ

ယခုအခါ နိုင်ငံပေါင်း ၄၁နိုင်ငံ တွင် မိခင်နှင့်မွေးကင်းစကလေး မေးခိုင် ရောဂါ ဖြစ်ပွားသေဆုံးမှုသည် ပြည်သူ့ ကျန်းမာရေးပြဿနာအဖြစ် ဆက်လက် ရှိနေသေးကြောင်းနှင့် မြန်မာနိုင်ငံ အနေဖြင့် မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါ လျော့နည်းပပျောက် သော နိုင်ငံအဖြစ် အသိအမှတ်ပြုခံရ ပြီးဖြစ်ရာ အောင်မြင်မှုရရှိပြီးသော အခြေအနေကို ဆက်လက်ထိန်းသိမ်း နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီး ဌာနမှ အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်နှင့်

ပဲခူးတိုင်း(အနောက်ပိုင်း)ခရိုင်အဖွဲ့ခွဲ အဖွဲ့ဝင်များတွေ့ဆုံ

နေပြည်တော် မေ ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်သည် ပဲခူးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးလိုက်ပါ၍ ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံပွဲကို မေ ၁၈ရက် နံနက် ၁၀နာရီက ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံး၌လည်းကောင်း၊ ပြည်ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို ညနေ ၄နာရီတွင် ပြည်ခရိုင်ရုံး အစည်းအဝေးခန်းမ၌လည်းကောင်း ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေး ကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည်က ပြည်ထောင်စုမြန်မာ နိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေး သည်။ ထို့နောက် ပဲခူးတိုင်းကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း ဖွင့်လှစ်ပို့ချရန် စီစဉ်ဆောင်ရွက်ထားရှိ မှုများနှင့် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်း တင်ပြကြသည်။ ဆက်လက်၍ တက် ရောက်လာကြသူများက အထွေထွေ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က လိုအပ် သည်များ ပြန်လည်ရှင်းလင်းဖြေကြား ပြီး နိဂုံးချုပ်အမှာစကား ပြောကြား သည်။

အမှာစကားပြောကြား

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာ ဝတီခရိုင်နှင့် ပြည်ခရိုင်ရှိ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ကို မေ ၁၉ရက်မှ ၂၀ရက်အထိ ဖွင့် လှစ်ပို့ချရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့် ကြည် တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းဖွင့်လှစ်ပို့ချမှု များကို ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ သင်တန်းသို့ ပြည်ခရိုင် နှင့် သာယာဝတီခရိုင်အတွင်းရှိ မြို့နယ် (၁၄) မြို့နယ်တို့မှ သင်တန်းသား ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲ ကော် မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည် သည် ပဲခူးတိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ သင်တန်းသားများနှင့် အတူ မေ ၁၈ရက် ညနေ ၅နာရီတွင် ပြည်မြို့ အထက (၁)၌ ကျင်းပသည့် မဲရုံနမူနာနှင့် ဆန္ဒမဲပေးမှု သရုပ်ပြ အခမ်းအနားသို့ တက်ရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ၌ မိုးပိုလာနိုင်

နေပြည်တော် မေ ၂၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် ဒေသ အလိုက်နှင့် ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် ပဲခူးတိုင်း တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်၊ ရခိုင်ပြည်နယ်၊ မန္တလေး တိုင်းနှင့် မကွေးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ဧရာဝတီတိုင်းတွင် မေလ၏ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီ ဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်(လေဆိပ်)တွင် ၁ ဒသမ ၄၁ လက်မ၊ ကျောက်တော်မြို့တွင် ၈ ဒသမ ၅၈ လက်မ၊ မောင်တောမြို့တွင် ၅ ဒသမ ၃၉ လက်မ၊ ပလက်ဝမြို့တွင် ၄ ဒသမ ၈၈ လက်မ၊ ခရမ်းမြို့တွင် ၃ ဒသမ ၃၁ လက်မနှင့် ကျိုက္ကမီမြို့တွင် ၂ ဒသမ ၈၃ လက်မ၊ မော်ဘီမြို့တွင် ၂ ဒသမ ၇၆ လက်မနှင့် သံတွဲမြို့တွင် ၂ ဒသမ ၃၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်း ရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းသို့ရွေ့လျားပြီး ဆက်လက်အား ကောင်းလာနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်လျက်ရှိသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မေ ၂၅ရက် ညနေအထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ် နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာ နိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့ အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဧယျာရွှေမြေနဲ့ ကမ္ဘောဇအသင်းတို့

အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေ

➤ သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင် ➤ စာမျက်နှာဖွဲ့စည်းမှု- ခင်သန္တာသိန်း

ရန်ကုန် မေ ၂၄

၂၀၁၀ MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈) နောက်ဆုံး ပွဲစဉ်ကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ကျင်းပရာ မကွေး F.C က ဆောက်သမ်းမြန်မာ F.C ကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိသွား ပါတယ်။

မကွေး F.C - သုံးဂိုး
ဆောက်သမ်းမြန်မာF.C - နှစ်ဂိုး

ယမန်နေ့က ယှဉ်ပြိုင်ခဲ့တဲ့ပွဲမှာ ရန်ကုန်ယူနိုက်တက်အသင်း အနိုင်မရ ခဲ့လို့ အခုပွဲအနိုင်ရခဲ့ရင် ဆောက်သမ်း မြန်မာတို့ တတိယနေရာ ရနိုင်မှာ ဖြစ်ပေမယ့် အခွင့်အရေးမယူနိုင်ခဲ့ ပါဘူး။ ဆောက်သမ်းမြန်မာအသင်း ရဲ့ အခုပွဲကစားပုံဟာ ဧယျာရွှေမြေနဲ့ ပွဲက ခြေစွမ်းမျိုးမရှိခဲ့ဘဲ ပထမဂိုးသွင်း သူ အောင်ရဲထွဋ်ကလည်း ပထမပိုင်း မှာပဲ နှစ်ဝါတစ်ခုနဲ့ အထုတ်ခံရတာ ကြောင့် ဦးဆောင်ဂိုးကို မထိန်းနိုင်ဘဲ ရှုံးသွားရပါတယ်။

ဆောက်သမ်းမြန်မာမှ ပရင့်ဇ်၏ ထိုးဖောက်မှုကို မကွေးနောက်ခံလူ မန်ဆာ ဖျက်ထုတ်စဉ်။

မကွေးအသင်းကတော့ ဥဿာ ယူနိုက်တက်အသင်းကို မမျှော်လင့်ဘဲ ရှုံးနိမ့်ခဲ့မှုကို အခုပွဲမှာ ချေဖျက်သွားနိုင် ခဲ့ပါတယ်။ ကွင်းလယ်မှာ အသင်း ခေါင်းဆောင် လွင်ဦး ပြန်ပါလာလို့ မကွေးကွင်းလယ်ကစားကွက် ပိုကောင်း လာပြီး ပွဲစကတည်းက ဆောက်သမ်း မြန်မာအသင်းကို ခြေအသာနဲ့ ကစား နိုင်ခဲ့ပါတယ်။ မကွေးတို့ ပွဲစကတည်း က ဖိကစားခဲ့ပေမယ့် ၂၁မိနစ်မှာ မမျှော်လင့်ဘဲ ဂိုးပေးလိုက်ရပါတယ်။ ဆောက်သမ်းအတွက် ဦးဆောင်ဂိုးကို အောင်ရဲထွဋ်က သွင်းယူခဲ့တာ ဖြစ်ပါ တယ်။ ဂိုးရသွားပေမယ့် ဆောက်သမ်း တို့ ကြာကြာမပျော်ခဲ့ရဘဲ ဂိုးသွင်းသူ အောင်ရဲထွဋ်ဟာ ပထမအဝါတစ်ကြိမ် ထိထားပြီး ဂိုးသွင်းအပြီးမှာ အင်္ကျီကို လှန်ပြီးမျက်နှာကိုအုပ်ကာ အောင်ပွဲခံခဲ့ တာကြောင့် ကွင်းလယ်ဒိုင် ဦးလှမင်း က ဒုတိယအကြိမ်အဝါကတ်ပြပြီး နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခဲ့ပါတယ်။

အစောကြီးကတည်းက ခြေအသာ မရခဲ့တဲ့ ဆောက်သမ်းတို့ တစ်ယောက် လျော့သွားလို့ မကွေးရဲ့ဖိကစားခြင်း ကို ခံခဲ့ရပါတယ်။ ၂၉မိနစ်မှာတော့ မကွေးအသင်း ချေပဂိုးပြန်ရခဲ့ပြီး တိုက်စစ်မှူးအာဂိုလာဂျီက သွင်းယူ ပေးခဲ့တာ ဖြစ်ပါတယ်။ ဒုတိယပိုင်း မှာလည်း မကွေးတို့ ဆက်ဖိကစား သွားပြီး ၄၆မိနစ်မှာ ဆောက်သမ်း ဂိုးသမား ဇာနည်မင်းရဲ့ အမှားကနေ အာဂိုလာဂျီက ဒုတိယဂိုး ထပ်မံသွင်းယူ သွားပြီး ၈၃မိနစ်မှာ ကွင်းလယ်လူ ချီဂူဇူက မကွေးအတွက် တတိယဂိုး သွင်းယူခဲ့ပါတယ်။ ၈၄ မိနစ်မှာ ထွန်းမင်းနိုင်က ဆောက်သမ်းအတွက် ဒုတိယချေပဂိုး သွင်းခဲ့ပေမယ့် လက်ကျန်မိနစ်မှာ ချေပဂိုးထပ်မသွင်း နိုင်တာကြောင့် ဆောက်သမ်းတို့ ရှုံးနိမ့် ခဲ့ရပါတယ်။

ပွဲစဉ် (၈)အပြီးမှာ ဧယျာ ရွှေမြေနဲ့ ကမ္ဘောဇတို့ အမှတ်တူ၊

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်
နယ်စပ်ဒေသများအပါအဝင် နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းသာယာနေသကဲ့သို့
နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ မှန်မှန်တိုးတက်မြင့်မားလာ
အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ပြည်သူများ ရရှိခံစားနေရပြီ

နေပြည်တော် မေ ၂၄

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး) သင်တန်းအမှတ်စဉ်(၉)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး)၌ ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး) သင်တန်းအမှတ်စဉ်(၉)ဆင်းပွဲ အခမ်းအနား တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာသင်ကြားပေး

ထိုသို့ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအမံများ ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက် ပညာသင်ယူမှု အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသည့် နယ်စပ်ဒေသကလေးသူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ ဖြစ်ပေါ်လာစေရအောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရန် အခွင့်အရေးနည်းပါးသည့် တိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်ရေးအတွက် နယ်စပ်ဒေသတစ်လျှောက်၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၈ ကျောင်း ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသား/တိုင်းရင်းသူ လူငယ်များ ဖွံ့ဖြိုးရေးအတွက် စာပေသင်ကြားမှုအပြင် အသက်မွေးဝမ်းကျောင်း ပညာဆည်းပူး၍ ဘဝရပ်တည်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသူအမျိုးသမီးငယ်များအတွက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၃၄ကျောင်း ဖွင့်လှစ်ထားရှိပြီး သင်တန်းသူများကို စရိတ်ငြိမ်း သင်ကြားပေးလျက်ရှိရာ ယနေ့အထိ သင်တန်းသူ ၃၄၁၄၉ဦးကို လေ့ကျင့် သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် အခြေခံပညာ မပြီးမြောက်သည့် တိုင်းရင်းသားလူငယ်များ အတွက် လက်သမား၊ ပန်းရန်၊ သံချည်

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)သင်တန်း အမှတ်စဉ်(၉) ဝိဇ္ဇာဘာသာ ထူးချွန်ဆုရ ချင်းပြည်နယ် ရိခေါဒါရ်မှ ချင်းတိုင်းရင်းသား မောင်လန့်ခေါ်ခိုင်။ (နယ်စပ်/စည်ပင်)

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)သင်တန်း အမှတ်စဉ်(၉)သိပ္ပံဘာသာ ထူးချွန်ဆုရ ချင်းပြည်နယ် မင်းတပ်မြို့မှ ချင်းတိုင်းရင်းသား မောင်အွမ်မောင်း(ခ)အောင်ထွန်းနိုင်။ (နယ်စပ်/စည်ပင်)

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)သင်တန်း အမှတ်စဉ်(၉)အင်ဂျင်နီယာဘာသာ ထူးချွန်ဆုရ ကယားပြည်နယ် လွိုင်ကော်မြို့မှ အင်းသား တိုင်းရင်းသား မောင်ကြည်သိန်း။ (နယ်စပ်/စည်ပင်)

သံကွေးအတတ်ပညာ၊ မော်တော်ယာဉ်စက်ပြင်၊ လျှပ်စစ်ဂဟေစသည့် သက်မွေးပညာရပ်များ သင်ကြားပေးရန် လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားမြို့များ၌ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ဦးစားပေးဆောင်ရွက်

နိုင်ငံတော်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ လူ့စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းစဉ်ကို ဦးစားပေးဆောင်ရွက်နေကြောင်း၊ အခြေခံကျသည့် ပညာရေးကဏ္ဍတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအနေဖြင့် မူလတန်းကျောင်း ၈၈၉ ကျောင်း၊ အလယ်တန်းကျောင်း ၉၁ ကျောင်း၊ အထက်တန်းကျောင်း ၉၄ ကျောင်း ဆောက်လုပ်ပေးခဲ့သည့်အပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကျောင်းပေါင်း ၇၃၅ ကျောင်း ဆောက်လုပ်ပေးခဲ့ပြီး ကျောင်းပေါင်း ၆၈၉ ကျောင်းကို ပြုပြင်ပေးခဲ့ကြောင်း၊ ယခင်က ကျောင်းသား ၁၀၀၀ ကျော်သာရှိခဲ့သည့် နယ်စပ်ဒေသများတွင် ယခုစာသင်နှစ်၌ ကျောင်းသား ၁၈၀၀၀၀ ကျော် ရှိလာပြီဖြစ်ကြောင်း။

ကောင်းမွန်တိုးတက်

နယ်စပ်ဒေသများမှာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ခဲ့သည့်အတွက် ၁၉၈၈ခုနှစ်က ဆေးရုံခြောက်ရုံ၊ ဆေးပေးခန်း ရှစ်ခန်းသာ ဖွင့်လှစ်နိုင်ခဲ့ရာမှ ယခုဆိုလျှင် ဆေးရုံ ၁၀၀၊ ဆေးပေးခန်း ၉၈ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၉၁ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၀၀တို့ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အပြင် ဖွံ့ဖြိုးရေး အထူးဒေသတိုင်းမှာလည်း ခုတင်(၂၀၀)ဆံ့ အထူးဆေးရုံများကို တည်ဆောက်ဖွင့်လှစ်ပေးနေပြီ ဖြစ်သည့်အတွက် နယ်စပ်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေသည်လည်း ကောင်းမွန်တိုးတက်လာပြီဖြစ်ကြောင်း။

အထောက်အကူပြု

နိုင်ငံတော်က ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ပေးနေသည့် အခြေအနေမှန်များကို နယ်စပ်ဒေသနေ ပြည်သူများ အမှန်အတိုင်းသိရှိစေရန်အတွက် နယ်စပ်ဒေသအသီးသီးတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံပေါင်း ၁၁၂ရုံ တည်ဆောက် ထုတ်လွှင့်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့် နိုင်ငံတော်၏ မူဝါဒလမ်းညွှန်ချက်များကို နယ်စပ်ဒေသတိုင်းရင်းသားသွေးချင်းများသိရှိနားလည်စေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းစေရေးအတွက် များစွာအထောက်အကူ ပြုနေပြီဖြစ်ကြောင်း။

ရရှိခံစားနေရပြီ

ယနေ့ အခြေအနေကိုကြည့်လျှင် တိုင်းရင်းသား ပြည်သူအားလုံးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းရေးအတွက် ညီညီညွတ်ညွတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းဆောင်ရွက်နေသည့် အလေ့အကျင့်ကောင်း၊ အစဉ်အလာကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည့်အတွက် နယ်စပ်ဒေသများအပါအဝင် နိုင်ငံနှင့်အဝန်း ငြိမ်းချမ်းသာယာနေသကဲ့သို့ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများသည်လည်း တစ်နှစ်ထက်တစ်နှစ် မှန်မှန်တိုးတက်မြင့်မားလာနေခြင်းကြောင့် အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို ပြည်သူများ စိတ်အေးချမ်းမွေ့စွာ ရရှိခံစားနေရပြီလည်းဖြစ်ကြောင်း။

ယခု ကျောင်းဆင်းကျောင်းသားများသည် ပြည်ထောင်စုစိတ်ဓာတ် အမြဲရှင်သန် ထက်မြက်နေကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ဘာသာရပ်ကို သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်၍ မိမိတို့ဇာတိရပ်ရွာ နယ်စပ်ဒေသများကို ပြန်လည်သွားရောက်ပြီး ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝထက်သန်စွာဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရတော့မှာဖြစ်ကြောင်း၊ အမိဒီဂရီကောလိပ်၏ ထူးခြားမွန်မြတ်သည့် ရည်မှန်းချက်များ၊ နိုင်ငံတော်က မိမိတို့အပေါ် မျှော်လင့်ထားသည့် မျှော်လင့်ချက်များကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ရန် ကြိုးစားရမည်မှာ ယနေ့ကျောင်းဆင်း ကျောင်းသားတို့၏ တာဝန်ပင် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးက ဝိဇ္ဇာဘာသာ ထူးချွန်ဆုရ ချင်းပြည်နယ်ရိခေါဒါရ်မှ ချင်းတိုင်းရင်းသား မောင်လန့်ခေါ်ခိုင်၊ သိပ္ပံဘာသာထူးချွန်ဆုရ ချင်းပြည်နယ် မင်းတပ်မြို့မှ ချင်းတိုင်းရင်းသား မောင်အွမ်မောင်း (ခ) အောင်ထွန်းနိုင်၊ အင်ဂျင်နီယာဘာသာထူးချွန်ဆုရ ကယားပြည်နယ် လွိုင်ကော်မြို့မှ အင်းသား တိုင်းရင်းသား မောင်ကြည်သိန်းတို့အား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီး၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သင်တန်းဆင်း ကျောင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး သင်တန်းဆင်းကျောင်းသားများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး)မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် သင်တန်းအောင်မြင်သူများမှာ ဝိဇ္ဇာတွဲ ၁၅ဦး၊ သိပ္ပံတွဲ ၇၉ဦး၊ အေဂျီတီအိုင် ဒီပလိုမာတွဲ ၄၃ဦး စုစုပေါင်း ၁၃၇ဦးဖြစ်သည်။

ယင်းတို့အနက် ကချင်တိုင်းရင်းသား ကိုးဦး၊ ကနန်းတိုင်းရင်းသား လေးဦး၊ ကဒူးတိုင်းရင်းသား နှစ်ဦး၊ ချင်းတိုင်းရင်းသား ၂၆ဦး၊ ဂျိမ်းဖောတိုင်းရင်းသား တစ်ဦး၊ တောင်ရိုးတိုင်းရင်းသားတစ်ဦး၊ ဓနုတိုင်းရင်းသား ခုနစ်ဦး၊ နာဂတိုင်းရင်းသား နှစ်ဦး၊ ပလောင်တိုင်းရင်းသား ၂၂ဦး၊ ပအိုဝ်းတိုင်းရင်းသားတစ်ဦး၊ ရှမ်းတိုင်းရင်းသား ၄၈ဦး၊ လီဆူ တိုင်းရင်းသား တစ်ဦး၊ ဝ တိုင်းရင်းသား လေးဦး၊ အာခါတိုင်းရင်းသား သုံးဦးနှင့် အင်းသားတိုင်းရင်းသား ခြောက်ဦး စုစုပေါင်း ၁၃၇ဦးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ (၁၁)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ပြန်လည်ဆွေးနွေးတင်ပြကြပြီး ကော်မတီအတွင်းရေးမှူး သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားသည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အမှာစကား

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးသိန်းအောင်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်သည် ပဲခူးတိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ သင်တန်းသားများနှင့်အတူ မေ ၁၈ရက် ညနေ ၅နာရီတွင် ပြည်မြို့ အထက (၁)၌ ကျင်းပသည့် မဲရုံနမူနာနှင့် ဆန္ဒမဲပေးမှု သရုပ်ပြအခမ်းအနားသို့ တက်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာကြောင့် ကွင်းလယ်ဒိုင် ဦးလှမင်းက ဒုတိယအကြိမ်အဝါကတ်ပြပြီး နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခဲ့ပါတယ်။

အစောကြီးကတည်းက ခြေအသာမရခဲ့တဲ့ ဆောက်သမ်းတို့ တစ်ယောက်လျော့သွားလို့ မကွေးရဲ့ဖိကစားခြင်းကို ခံခဲ့ရပါတယ်။ ၂၉မိနစ်မှာတော့ မကွေးအသင်း ချေပဂိုးပြန်ရခဲ့ပြီး တိုက်စစ်မှူးအာဘိုလာဂျီက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဒုတိယပိုင်းမှာလည်း မကွေးတို့ ဆက်ဖိကစားသွားပြီး ၄၆မိနစ်မှာ ဆောက်သမ်းဂိုးသမား ဇာနည်မင်းရဲ့ အမှားကနေ အာဘိုလာဂျီက ဒုတိယဂိုး ထပ်မံသွင်းယူသွားပြီး ၈၃မိနစ်မှာ ကွင်းလယ်လူ ချီဂူဇူက မကွေးအတွက် တတိယဂိုး သွင်းယူခဲ့ပါတယ်။ ၈၄ မိနစ်မှာ ထွန်းမင်းနိုင်က ဆောက်သမ်းအတွက် ဒုတိယချေပဂိုး သွင်းခဲ့ပေမယ့် လက်ကျန်မိနစ်မှာ ချေပဂိုးထပ်မသွင်းနိုင်တာကြောင့် ဆောက်သမ်းတို့ ရှုံးနိမ့်ခဲ့ရပါတယ်။

ပွဲစဉ် (၈)အပြီးမှာ ဧယျာရွှေမြေနဲ့ ကမ္ဘောဇတို့ အမှတ်တူ၊ သွင်းဂိုး၊ ပေးဂိုးတူနဲ့ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေပြီး အခုတစ်ပတ်မှာ အသင်းတွေရဲ့ ရပ်တည်မှုတွေအပြောင်းအလဲရှိခဲ့ပါတယ်။ ။ (မြန်မာ့အလင်း)

ပွဲစဉ်(၈)အပြီး အသင်းများ၏ရပ်တည်မှု

အဆင့်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
၁	ဧယျာရွှေမြေ	၇	၅	၂	-	၁၂	၃	၁၇
၂	ကမ္ဘောဇ	၈	၅	၂	၁	၁၂	၃	၁၇
၃	ရန်ကုန်ယူနိုက်တက်	၈	၃	၃	၂	၁၇	၅	၁၂
၄	ရတနာပုံ	၇	၃	၃	၁	၈	၆	၁၂
၅	ဆောက်သမ်းမြန်မာ	၇	၃	၂	၂	၁၃	၁၃	၁၁
၆	မကွေး	၈	၃	၂	၃	၁၁	၁၅	၁၁
၇	ဒယ်လ်တာယူနိုက်တက်	၇	၃	၁	၃	၇	၈	၁၀
၈	ဥဿာယူနိုက်တက်	၇	၃	၁	၃	၅	၆	၁၀
၉	မနောမြေ	၇	၂	၁	၄	၁၀	၁၅	၇
၁၀	နေပြည်တော်	၇	၁	၁	၅	၉	၁၁	၄
၁၁	ဇွဲကပင်ယူနိုက်တက်	၇	-	-	၇	-	၂၁	-

ရာသီမေထုန် လနယုန်၊ သင်းထုံမြတ်လေး စံပယ်မွှေး

နယုန်လကို ဇေဒင်ဝေါဟာရအားဖြင့် မေထုန်ရာသီဖြစ်ခြင်း၊ ဤရာသီတွင် လမင်းသည် ဇေဋ္ဌနက္ခတ်နှင့် လည်းကောင်း၊ နေမင်းသည် မိဂသီနက္ခတ်နှင့်လည်းကောင်း ယှဉ်ပြိုင်မွန်းတည့်ကြပြီး ရာသီပန်းများမှာ မုလေး(မြတ်လေး) ပန်းနှင့် စံပယ်ပန်းတို့ဖြစ်ခြင်း၊ ရှေးမြန်မာဘုရင်တို့သည် ဤလတွင် စာတော်ပြန်ပွဲများ ကျင်းပလေ့ရှိပြီး ဘုရင်များကိုယ်တိုင် လယ်ထွန်မင်္ဂလာပွဲတော်များ ပြုလုပ်ကာ စိုက်ပျိုးရေးကိုအားပေးခဲ့ကြခြင်း၊ မြင်းတာရာထွန်းပသည့် ဤလရာသီကား နေ့တာရှည်၍ ညတာတိုသော ရက်မစုံလဖြစ်ခြင်း စသည်အကြောင်းများကို အခြေပြုကာ တိုင်တားမြို့သူကြီး ဦးဖက်က ရာသီဘွဲ့တေးထပ်ဖြင့် အောက်ပါအတိုင်း ဂုဏ်ပြုမှတ်တမ်းတင်ခဲ့ပေသည် -

"နန်းနယုန် နယ်လကို၊ ကြယ်ဖြဟ္မဏတာရာ။ ရွှေဇေဋ္ဌ ပုဏ္ဏာဝယ်၊ ယုန်စန္ဒာပြိုင်မျှ။ မုလေး ပျံ့သေးသွယ်ငယ်၊ ရွှေစံပယ်သင်းတဲ့မာသ။ သုမေ့ရိပ်သာမှာ၊ သဘင်စာ သည်လ။ မင်္ဂလာထွန်တော်ချလို့၊ သေနင်္ဂလေးအင်။ ထုံးစဉ်စံ သွေ့မခွတယ်၊ ဘုန်းရာများ ထွတ်ထိပ်ဘုရင်။ ဉာဏ်တမွတ်ဖန်ဆင်တယ်၊ မေထုန်ခွင် နွေစွန်လမှာမို့၊ မိုးမာန်ကတအုံအုံ၊ မဲတဲ့လို့မှုန်။ မြဖဲရံ့တိမ်ဂဠုန်လို၊ သိရိတဂုဏ်ကူဖြိုးလှလေး။ မစုံသူ့ရွှေရင်မှာ၊ ဖြေတင်နိုင် ပူညှိုးရလေး။"

နယုန်လသည် နွေရာသီကုန်ဆုံးရက် နီးကပ်နေပြီဖြစ်သဖြင့် စာဆိုပညာရှင်များက **"နွေနှောင်းလ၊ နွေစွန်လ"**ဟု စာဖွဲ့လေ့ရှိကြသည်။ နွေနှောင်းကာလ၊ မိုးကို လက်လှမ်းကြိုဆိုနေသည့် အချိန်အခါသမယ ဖြစ်သည့်အားလျော်စွာ ကဆုန်လတွင် ချစ်ချစ်တောက်ပူပြင်းခဲ့သော နေမင်းသည် ထိုလတွင် အပူရှိန်အင်အား လျော့နည်းလာပြီး နွေပန်းချီကားချပ်သည်လည်း ပီပီပြင်ပြင်မရှိတော့။ မိုးသားတိမ်လိပ်များ အုံ့ဆိုင်းကာ မိုးသေး မိုးဖွဲကလေးများသည် ထစ်ချုန်းသံများနှင့်အတူ ရွာသွန်းချတတ်ပါသည်။

ကဆုန်လ၏ အပူရှိန်အောက်တွင် သစ်ရွက်ခြောက်များကြွေကျကာ အရိုးပြိုင်းပြိုင်းဖြစ်နေကြသည့် သစ်ပင်သစ်ကိုင်းများမှာ ရွက်ညွန့်ကလေးများ ကိုယ်စီဖြင့် စိမ်းစိုလာကြပြန်ပေသည်။ ခြောက်သွေ့တင်းမာနေသည့် မြေပြင်သည်လည်း နယုန်လ၏ မိုးသေး မိုးဖွဲကလေးများကြောင့် ခေါင်းပြူလာကြသည့် မြက်နုကလေးများဖြင့် စိုစိုပြည်ပြည် ဖြစ်လာပေသည်။ ထို့ကြောင့်ပင် ရှေးတောင်သူဦးကြီးများက **"နယုန်မိုးသေး၊ မြက်သားမွေး"**ဟု မိုးအလင်္ကာဖွဲ့ခဲ့ကြဟန်ရှိပေသည်။ မိုးရာသီ၏ အစပျိုးအခါသမယ ဖြစ်သည်နှင့်အညီ နေပူလိုက်၊ မိုးရွာလိုက်ဖြင့် အလွန်ပူအိုက်သော လရာသီဖြစ်သည်။

ဤနယုန်လတွင် တောင်သူလယ်သမားတို့သည် ဝါဂွမ်း၊ ပြောင်း၊ နှမ်း၊ ဂျုံ၊ ပဲအမျိုးမျိုးတို့ကို ကြဲကြခြင်း၊ ဆန်အတွက် မျိုးစပါးများကိုလည်း ပျိုးထောင်ကြခြင်း စသည်ဖြင့် တောင်သူလယ်သမားကြီးတို့ လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်ကြသည့်အချိန်ကို စိန္တကျော်သူဦးဩ၏ "မဟာအဓိက ရကန်တော်မော်ကွန်း"တွင် -

"နယုန်ဝါလ၊ ကြဲကြပျိုးထောင်၊ ဝါခေါင်သစ်ဆင်း၊ နှစ်လတွင်းမူ၊ ဆင်းကြယာလယ်၊ တောင်သူမယ်တို့....."ဟု ဖော်ညွှန်းခဲ့ပေသည်။

နယုန်လ၏ ရာသီပွဲတော်၊ ရာသီပန်း၊ စန်းယှဉ်နက္ခတ်၊ ရာသီခွင်စသည်တို့သာမက နယုန်လကို ရှေးစာပေများတွင် နံမျုန်ဟုလည်း ခေါ်ဆိုကြောင်း၊ နယုန်လ၏ ရက်ရာဇာမှာ အင်္ဂါ သို့မဟုတ် အင်္ဂါနှင့် ကြာသပတေးနေ့များဖြစ်သကဲ့သို့ တနင်္လာနှင့် တနင်္ဂနွေတို့မှာ ပြဿဒါးရက်များ ဖြစ်ကြကြောင်း၊ နေ့နာရီ သုံးဆယ့်လေးနာရီရှိပြီး ညနာရီ နှစ်ဆယ့်ခြောက်နာရီရှိကြောင်း၊ အရိပ်တစ်ဖဝါးထွက်၍ မွန်းတည့်ကြောင်းစသည့် နက္ခတ်၊ ဗေဒင်၊ နာရီဆိုင်ရာ ဗဟုသုတများကို ဖော်ညွှန်းလျက် နယုန်လ၏ ထူးခြားပုံကို စာဆိုတစ်ဦးက ဤသို့ရေးဖွဲ့ထားပြန်ပါသည် -

"ရာသီမေထုန်၊ လနယုန်၊ နမျုန်ခေါ်တစ်ပါး။
ရွှေစာတော်ပြန်၊ ပွဲတော်ဖန်၊ ဘုန်းသန်မင်းမြတ်များ။
ဇေဋ္ဌရွှေကြယ်၊ စန်းနှင့်ဆွယ်၊ စံပယ်ပွင့်ထွားထွား။
ညွန့်စ ညွန့်မ၊ နှစ်မျိုးပြ၊ ရာဇရက်မင်းများ။
ဂဠုန်ဗျဿ၊ ရက်နှစ်ဝ၊ ရှောင်ကြပြဿဒါး။
သုံးဆယ့်လေးလီ၊ နေ့နာရီ၊ ဆဗ္ဗီညာဥ်ဌှပြား။
မွန်းတည့်ချိန်ခါ၊ တိုင်းလေပါ၊ ဆာယာတစ်ဖဝါး"

နယုန်လသည် ဂိမှာန်နွေနှောင်းကာလဟုဆိုကြပြီး ထိုလတွင် မိုးရာသီကို ကြိုဆိုကြသည့်အနေဖြင့် ကောင်းကင်တွင် မြူခိုးများ ယှက်လိမ်ကာ မိုးရွာမည့်ဟန် ဆင်နေတတ်သည်ကို အကြောင်းပြု၍ စာဆိုစာရေးတော်ကြီး ဦးမောင်ကလေးက -

"မြူခိုးယှက်လိမ်၊ တိမ်တစ်မြုံနှင့်၊ ထိန်မောင်းရဂုံရှုမကုန်၊
ဂိမ်နှောင်းနယုန်၊ ခုအကြုံဝယ်၊ ရတုတပုံသာခမြွေ"ဟုလည်းကောင်း၊

နယုန်လ၏ ထွက်ပေါ်မြဲ ကြယ်နက္ခတ်များ လှည့်လည်ပုံနှင့်ပတ်သက်ပြီး ရာသီဖွဲ့စာဆိုကြီး ဦးယာက ၎င်း၏နယုန်လနက္ခတ်တာရာဖွဲ့ လူးတားတွင် -

"တစ်သိန်းငါးသောင်း၊ စက်ပေါင်းအကုန်၊ မေထုန်ရာသီ၊ တိမ်နီတိမ်ပန်း၊ ဆန်းလှလေ။ ။
ဒွေဒွေအညီ၊ နာရီတစ်ဖြာ၊ နေ့မှာသုံးဆယ်၊ စွန်းကယ်စတု၊ ညဥ့်ဖို့ရှုသော်၊ တွက်စုနှစ်ဆယ်၊ ခြောက်ဝယ်ကသာ၊ ဓာတ်မှာဝါယော၊ ချောမောကြည်လင်၊ အာကာပြင်က၊ ကြယ်ဇေဋ္ဌနှင့်၊ ထွန်းပရောင်စို၊ ဂြိုဟ်တနင်္လာ၊ ကြွသောခါလျှင်၊ တာရာအသာ၊ ရံဝန်းခလျက်၊ ထွန်းပရှင်လန်း၊ ဥဒါန်းနန်းလည်း၊ မြန်းရွှေစက်ချီ၊ မိဂသီနှင့် တူညီတကွ၊ မွန်းတည့်ကလျှင်၊ ဧကဖဝါး" ဟုလည်းကောင်း အသီးသီးဖွဲ့ဆိုထားကြသည်။

တင်ထွင့် (အစိုးရတိုင်းရင်းဆေး)

နယုန်လတွင် စာပြန်ပွဲများကျင်းပခဲ့ရာ ဗုဒ္ဓစာပေ စာပြန်ပွဲတော်နှင့် စပ်လျဉ်း၍ ပထမပြန်စာမေးပွဲကို သာလွန်မင်းတရားကြီးလက်ထက် မြန်မာသက္ကရာဇ် (၁၀၀၀)ပြည့်နှစ်တွင် ကျင်းပခဲ့ကြောင်း သိရှိရသည်။ ကျမ်းဂန်သင်ယူသော သာမဏေများကို သင်ကြားသူဆရာတို့က ကျမ်းဂန်များ မေးမြန်းပြီး အနက်အဓိပ္ပာယ်ဖြေဆိုနိုင်သော သာမဏေများအား ပဉ္စင်းခံပေးခြင်း၊ မဟာမြတ်မုနိဘုရားရှင်ရှေ့၌ မဏ္ဍပ်ဆောက်ကာ ဖုန်းတောင်းယာစကာ သီတင်းသုံးသူတော်စင်တို့အား အလှူတော်ကြီးပေးကြောင်းလည်း သိရသည်။

မင်းတုန်းမင်းကြီးလက်ထက်တွင် ပထမပြန်စာမေးပွဲအတွက် ကျမ်းစာအုပ်များ ပြဋ္ဌာန်းပြီး သီပေါမင်းလက်ထက်သို့ ရောက်သောအခါ မြန်မာသက္ကရာဇ် ၁၂၄၅ခုနှစ်မှ စတင်၍ ပထမပြန်ဆိုင်ရာ ဥပဒေစည်းကမ်းများ ချမှတ်လျက် စနစ်တကျ ကျင်းပခဲ့ပေသည်။ ကုန်းဘောင်ခေတ်ဦးတွင် အင်ရှုံရှာစားဝန်ကြီး သီရိဥဇနာရေးသားခဲ့သော လောကဗျူဟာကျမ်းတွင် ရှေးခေတ်မြန်မာမင်းများသည် နယုန်လ၌ စာပြန်ပွဲတော်ကို ဦးဆောင်ကျင်းပခဲ့ကြကြောင်း ရေးသားမှတ်တမ်းတင်ခဲ့သည်။

ကုန်းဘောင်ခေတ်နှောင်းကာလ၌ စာပြန်ပွဲတော်များ ကျင်းပခဲ့သည့် ရှေးခေတ် မြန်မာ့ဗိသုကာလက်ရာများဖြင့် ကျွန်းသစ်များကို အသုံးပြုလျက် တည်ဆောက်ခဲ့သော သုဓမ္မာဇရပ်တန်းကို မန္တလေးမြို့ရှိ နန်းတော်မြို့ရိုးကြီး၏ မြောက်ဘက်၊ မြို့ရိုးနှင့် မန္တလေးတောင်တို့အကြားဝယ် သာမောအောက်မေ့ဖွယ်ရာ ယနေ့တိုင် တွေ့မြင်နေရပေသည်။

နယုန်လတွင် လပြည့်နေ့ကို "မဟာသမယနေ့"၊ "မဟာသမယအခါတော်နေ့"ဟု ဘာသာရေးအထိမ်းအမှတ်ပွဲ ဆင်ယင်ကျင်းပကြသည်။ ယင်းမဟာသမယနေ့ ဖြစ်ပေါ်လာရခြင်းအကြောင်းမှာ ဘုရားရှင်လက်ထက်အခါက တစ်ခုသောနွေလ၌ ရေအခက်အခဲတွေ့ကြုံကြရ၏။ ကပိလဝတ်ပြည်မှ လယ်သမားများနှင့် ကောလိယပြည်မှ လယ်သမားတို့ ရောဟဏီမြစ်မှရေကို ဝေစုခွဲ၍သုံးကြရာ အဝေမတည့်သဖြင့် ရေလုပွဲကြီး ဖြစ်ပွားခဲ့ကြသည်။ ၎င်းလယ်သမားများကို အကြောင်းပြုလျက် နှစ်ဖက်နိုင်ငံမှ မင်းညီမင်းသားများနှင့် စစ်သည်တော်များသည်လည်း ရောဟဏီမြစ်တည်ရှိရာသို့ ရောက်ရှိလာကြ၏။ နှစ်ဖက်နိုင်ငံမှ လူအများတို့သည် တုတ်၊ ဓား၊ လက်နက်များကိုင်ဆောင်၍ ထိုးခုတ်တိုက်ခိုက်မည့် အခြေအနေသို့ ရောက်ရှိနေကြ၏။

ယင်းပဋိပက္ခဖြစ်နေသည့်နေရာသို့ မြတ်စွာဘုရားရောက်ရှိလာပြီး ရန်ပြေငြိမ်းမှုရှိစေရေးအတွက် ငြိမ်းချမ်းရေးကို ရှေးရှု၍ အောက်ပါဝတ္ထုများကို သာဓကထုတ်နုတ်လျက် ဟောကြားတော်မူပါသည် -

(၁) ဝက်ဝံနှင့် ရုက္ခစိုးနတ်တို့ ရန်ငြိုးဖွဲ့မှား၍ နှစ်ဦးစလုံးပျက်စီးကြပုံ "ဖန္ဒနဇာတ်"

(၂) မြေပြိုပါပြီဟု ထင်ကြေးဟစ်အော် ထွက်ပြေးသော ယုန်တစ်ကောင်၏ စကားကိုယုံမှား၍ တိရစ္ဆာန်များ အပြေးမှားပြီး ဆင်းရဲဒုက္ခရောက်ကြရပုံ "ဒဒ္ဒဘဇာတ်"၊ "ပထဝီဥန္ဒြိယဇာတ်"

(၃) အားသေးသော နံ့စုတ်ငှက်မက အားကြီးသော ဆင်ပြောင်ကြီးကို အနိုင်ယူဖူး၍ ရန်သူကို အထင်မသေးသင့်ပုံ "လဋုကိကဇာတ်"

(၄) ညီညွတ်စဉ်က ရန်သူ၏ လက်မှ လွတ်မြောက်သော်လည်း စိတ်ဝမ်းကွဲ၍ အချင်းချင်းမညီမညွတ်ဖြစ်လာသောအခါ ငုံးငှက်များ မုဆိုး၏ ပိုက်ကွန်၌ အမိခံရပုံ "သမ္မောဒမာနဇာတ်"

(၅) သက်မဲ့ဖြစ်သော သစ်ပင်များပင် တစုတဝေးတည်းတည်နေ၍ လေဘေးအန္တရာယ်မှ ကင်းဝေးနိုင်ပုံ "ရုက္ခဓမ္မဇာတ်"

(၆) မိမိကိုယ်ကို ထိန်းသိမ်းဆုံးမရန် "အတ္တဒဏ္ဍသုတ်"

ဖော်ပြပါ သာဓကခြောက်မျိုးကို နာကြားကြရသည့်အခါ နှစ်ဖက်တိုင်းပြည်တို့မှ လယ်သမားများနှင့် မင်းညီမင်းသား၊ စစ်သည်တော်များသည် ဒေါသမီးငြိမ်းစဲကာ လက်နက်များစွန့်လွှတ်၍ တစ်ဦးနှင့်တစ်ဦး မေတ္တာဓာတ်များ သက်ဝင်လာကြကာ တစ်ဖက်လျှင် ၂၅၀စီ နှစ်ပြည်ထောင်မှ မင်းသားငါးရာတို့ ရဟန်းပြုကြကုန်သည်။

ထိုရဟန်းတော်တို့သည် ဇနီးမယားတို့ကို အောက်မေ့တမ်းတကာ သာသနာ့ဘောင်၌ မပျော်မွေ့နိုင်ဘဲရှိကြရာ မြတ်စွာဘုရားက ဟိမဝန္တာတောအတွင်း ကုဏာလရေအိုင်သို့ တန်ခိုးတော်ဖြင့် ခေါ်ဆောင်၍ ကုဏာလငှက်မင်း၏ ဇာတ်ကြောင်းကို ဟောပြောတော်မူ၍ တရားအဆုံး၌ ရဟန်းငါးရာလုံး သောတာပန်ဖြစ်တော်မူကြသည်။

မြတ်စွာဘုရားသည် ကုဏာလရေအိုင်မှ ကပိလဝတ်ပြည်အနီး မဟာဝုန်တောကြီးသို့ ပြန်လည်ကြွတော်မူရာ အပြန်ခရီးတွင် သောတာပန် ရဟန်းငါးရာလုံး မိမိတို့၏ တန်ခိုးတော်ဖြင့် လိုက်ပါလာကြကုန်၏။ ထိုမဟာဝုန်တောကြီး၌ တရားတော်ကို ဆက်လက်အားထုတ်ရာ ရဟန်းတော်အားလုံး ရဟန္တာချည်း ဖြစ်တော်မူကြသည်။

ရဟန္တာငါးရာတို့သည် မိမိတို့ရရှိပြီးသော တရားထူးကို လျှောက်ထားရန်အတွက် မြတ်စွာဘုရားထံသို့ နယုန်လပြည့်နေ့ ညချမ်းအချိန်တွင် စုရုံးရောက်ရှိလာကြကုန်ရာ ဤသို့ ထူးခြားသော သံဃာ့အစည်းအဝေးကြီးကို တွေ့မြင်ကြည်ညိုလိုကြကုန်သော နတ်ဗြဟ္မာ၊ အသူရာနှင့် ဂဠုန်နဂါးတို့သည်လည်း မဟာဝုန်တောကြီးသို့ အုပ်စုလိုက် စုရုံးရောက်ရှိလာကြကုန်ပေသည်။

နယုန်လပြည့်နေ့တွင် ဘုရားရှင်လက်ထက်တော်အခါက ဤသို့ နတ်ဗြဟ္မာများ စုရုံးစည်းဝေးမိသောအချိန်ကို "မဟာသမယ"ဟုခေါ်ဆိုပြီး ထိုနတ်သဘင်အစည်းအဝေး၌ အမည်နာမအမျိုးမျိုးကို ထုတ်ဖော်မြွက်ကြား နှုတ်ခွန်းဆက်သောအားဖြင့် မိန့်ကြားသော စကားတော်များကို "မဟာသမယသုတ်"ဟု ခေါ်ဆိုပါသည်။ ယင်းသို့ မဟာသမယသုတ်တော်ကြီးကို ဟောကြားပြီးနောက် နတ်ဗြဟ္မာပေါင်း ကုဋေတစ်သိန်းစီ ကျွတ်တမ်းဝင်ကြလေသည်။

မြတ်စွာဘုရားသည် ဤနယုန်လပြည့်နေ့၌ ကပိလဝတ်ပြည် မဟာဝုန်တောကြီးအတွင်း မဟာသမယသုတ် ဟောကြားတော်မူသည်ကို အကြောင်းပြု၍ နယုန်လပြည့်နေ့၌ "မဟာသမယ အခါတော်ပွဲ" ကျင်းပရခြင်း ဖြစ်ပါသည်။

နယုန်လပြည့်နေ့၏ထူးခြားချက်များမှာ-

(၁) ရေလုပွဲကြီးဖြစ်ပွားကြသော တောင်သူလယ်သမားတို့ ငြင်းခုံခိုက်ရန်ဘေးမှ ကင်းဝေး၍ ထူးခြားခြင်း။

(၂) ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင် စစ်ခင်းတော့မည့်ဘေးအန္တရာယ်မှ ကင်းဝေးပြီး ငြိမ်းချမ်းရေးရရှိသောနေ့ဖြစ်၍ ထူးခြားခြင်း။

(၃) နတ်ဗြဟ္မာ၊ အသူရာနှင့် ဂဠုန်နဂါးများ၊ ရဟန်းတော်များ ဘုရားလက်ထက်တွင် ဤတစ်ကြိမ်သာ စုရုံးမိသောနေ့ဖြစ်၍ ထူးခြားခြင်း။

(၄) မင်းသားငါးရာ သာသနာ့ဘောင်သို့ ဝင်ရောက်သောနေ့ဖြစ်၍ ထူးခြားခြင်း။

(၅) ရဟန်းတော်ငါးရာလုံး ရဟန္တာချည်းဖြစ်သောနေ့ဖြစ်၍ ထူးခြားခြင်း။

(၆) နိမ္မိတဘုရားကမေး၍ ပကတိဘုရားက ဖြေဆိုသည်ကို နာရသောကြောင့် ထူးခြားခြင်း။

(၇) မဟာသမယကိုအကြောင်းပြု၍ ဂဠုန်နှင့် နဂါးတို့ ခိုက်ရန်မဖက် မေတ္တာသက်ဝင်သောနေ့ဖြစ်၍ ထူးခြားခြင်း။

(၈) မဟာသမယဆိုင်ရာ သုတ္တန်ခုနှစ်မျိုးကို ဟောကြားသောနေ့ဖြစ်၍ ထူးခြားခြင်း။

(၉) ဘိက္ခုနီ သာသနာလမ်းစပေါ်သောနေ့ဖြစ်၍ ထူးခြားခြင်း စသည်တို့ဖြစ်ကြပါသည်။

နွေရာသီအကုန် မိုးရာသီအစ ဤနယုန်လတွင် စံပယ်၊ မြတ်လေးပန်းတို့၏ မွှေးရနံ့များနှင့်အတူ မြူခိုးယှက်လိမ် တိမ်တိုက်များ အုံ့ဆိုင်းလျက်ရှိသည့် ကြည်နူးဖွယ် သဘာဝအလှဝန်းကျင်ဝယ် နယုန်လပြည့်နေ့၏ ထူးခြားချက်များကို အာရုံပြုကာ မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့သော "မဟာသမယသုတ်" ရွတ်ဆိုလျက် ကုသိုလ်တရား ပွားများနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ရေးသားတင်ပြလိုက်ရပါသတည်း။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၅-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **အသွင်မတူသော မိသားစု** တရားတော် (ညောင်ကန်ဆရာတော် အရှင်ဣန္ဒက)
- ၆း၅၀ တောင်ကြီးမြို့ရဲ့ အတုမရှိ လောကချမ်းသာစူဠာမုနိ
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၂၁)
- ၈း၃၀ Sports World
- ၈း၅၅ အနာဂတ်ပန်းတိုင်ဆီသို့
- ၉း၁၀ ရင်သွေးတို့ ယဉ်ကျေးဖို့
- ၉း၂၀ နှစ် (၅၀)ပြည့် ရွှေရတုမင်္ဂလာ ကာသစ်ဝိုင်ခမ္မရိပ်သာ
- ၉း၃၅ Cartoon Show Time (The Wild)
- ၁၀း၂၀ Rh (Negative) သွေးလိုအပ်ခြင်း အကြောင်းသိကောင်းစရာ
- ၁၀း၄၀ သင်ကြားရေးလမ်းညွှန် (SANTINI International Training Academy)
- ၁၁း၀၅ Activities in the City
  - ဂျမ်ဘိုရဲ့ ပစ္စည်းသစ်မိတ်ဆက်ပွဲ
  - ဂစ်တာကမ္ဘာတူရိယာဆိုင်သစ် မိတ်ဆက်ပွဲ
- ၁၁း၄၅ အလှဆင်စရာပရိဘောဂကမ္ဘာ (Royal Modern Furniture)
- ၁၁း၅၅ တေးဂီတအစီအစဉ်
- ၁၂း၁၀ ဟိုတယ်လမ်းညွှန် (ဖွဲ့ကပင်ဟိုတယ်)
- ၁၂း၄၀ **ယွန်းဆိုသည်မှာ....** (အပိုင်း-၁)
- ၁း၀၀ **အသွင်မတူသော မိသားစု** တရားတော် (ညောင်ကန်ဆရာတော် အရှင်ဣန္ဒက)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Fashion Music Festival (Pop Fashion-2)
- ၃း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၂၁)
- ၄း၀၅ အနာဂတ်ပန်းတိုင်ဆီသို့
- ၄း၂၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (လှောင်အိမ်နှင့် ငါးမွေးခြင်း)
- ၄း၃၅ ရန်ကုန်မြင်ကွင်းကျယ် (Taylor's Information Day)
- ၄း၅၀ ရင်သွေးတို့ ယဉ်ကျေးဖို့
- ၄း၅၅ Activities in the City
  - ဂျမ်ဘိုရဲ့ ပစ္စည်းသစ်မိတ်ဆက်ပွဲ
  - ဂစ်တာကမ္ဘာတူရိယာဆိုင်သစ် မိတ်ဆက်ပွဲ
- ၅း၃၀ Celebrity Style (ဟဲလေး)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ World of Knowledge (Seconds from Disaster;Fire on the Ski Slope)
- ၇း၁၀ Fashion Music Festival (Pop Fashion-2)
- ၇း၅၀ အလှဆင်စရာ ပရိဘောဂကမ္ဘာ (Royal Modern Furniture)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Cartoon Show Time (The Wild)
- ၉း၁၀ Celebrity Style (ဟဲလေး)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၂၁)
- ၁၀း၀၀ Sunday Talk
- ၁၀း၄၀ သင်ကြားရေးလမ်းညွှန် (SANTINI International Training Academy)
- ၁၁း၀၅ နှစ် (၅၀)ပြည့် ရွှေရတုမင်္ဂလာ ကာသစ်ဝိုင်ရိပ်သာ
- ၁၁း၂၀ **ကုသမနေး တီဘီဘေး** ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး၊ (ဒါရိုက်တာ-ပန်းချီစိုးမိုး)
- ၁၁း၃၅ စေတနာအပေါင်း ခညောင်းဝေဆာ စားသောက်ဖွယ်ရာကမ္ဘာ
- ၁၁း၅၅ လေ့လာသင်ကြားစရာ သံစဉ်မဲ့ဘာသာ
- ၁၂း၁၀ ကဏ္ဍာစုံလင် အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

အကြိတ်အနယ်နွှဲကြရမယ့် အုပ်စု(ဂ)မှ အသင်းများ

➢ ရေးသူ - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - ဇင်မင်းသန့်(မြန်မာ့အလင်း)

ကိတ်တောင်း မေ ၂၄

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အုပ်စု(ဂ)မှာတော့ အင်္ဂလန်၊ အမေရိကန်၊ အယ်လ်ဂျီးရီးယားနဲ့ ဆလိုဗေးနီးယားအသင်းတို့ ပါဝင်ကြတာမို့ အင်္ဂလန်အသင်းဟာ အုပ်စု(ဂ)မှာတော့ အခြေအနေကောင်းနေပါတယ်။ အုပ်စုရှစ်ခုခွဲထားတဲ့အထဲမှာ အင်္ဂလန်အတွက် ပွဲကျပ် သိပ်မရှိတဲ့ အုပ်စုလည်းဖြစ်ပါတယ်။

အင်္ဂလန်အသင်း

အုပ်စု(ဂ)မှာတော့ အင်္ဂလန်အသင်းဟာ အုပ်စုကနေ နောက်တစ်ဆင့်တက်ဖို့ အခြေအနေကောင်းတဲ့အသင်း ဖြစ်ပေမယ့် အမေရိကန်အသင်းနဲ့အားပြိုင်ရမယ့် အနေအထားရှိပါတယ်။ အင်္ဂလန်အသင်းဟာ လက်ရှိအချိန်မှာ ဖီဖာကသတ်မှတ်တဲ့ ကမ္ဘာ့အဆင့် ကိုးနေရာမှာရှိနေပြီး အမြင့်ဆုံး အောင်မြင်မှုကတော့ ၁၉၆၆ ခုနှစ်မှာ ကမ္ဘာ့ဖလားဆွတ်ခူးရရှိခဲ့တဲ့ အသင်းဖြစ်ပါတယ်။ အင်္ဂလန်

၁၉၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပွဲမှာ တတိယရရှိခဲ့တဲ့အသင်း လည်း ဖြစ်ပါတယ်။

အမေရိကန်အသင်းကို နည်းပြအဖြစ် ဘရက်လေက တာဝန်ယူ ဆောင်ရွက်နေတာဖြစ်ပြီး အသင်းခေါင်းဆောင် အဖြစ် ဒိုနိုဗန်ကို တာဝန်ပေးထားပါတယ်။ အမေရိကန် အသင်းမှာ အဲဗာတန်မှာကစားနေတဲ့ ဂိုးသမားတင်ဟောင်း ဝပ်၊ ဖူလ်ဟမ်ကွင်းလယ်ကစားသမား ဒမ်ပဆီ၊ လော့စ်အိန်ဂျလိစ်ဂလက်စီအသင်းတိုက်စစ်မှူး ဒိုနိုဗန်တို့ကို

အယ်လ်ဂျီးရီးယားအသင်းနည်းပြအဖြစ် ရာဘတ် ဆက်ဒိန်းက တာဝန်ယူနေပြီး အဓိကကစားသမားကတော့ အသင်းခေါင်းဆောင် ဇိုင်ရာနီပဲဖြစ်ပါတယ်။ နောက်ထပ် အမာခံပြု ကစားသမားတွေကတော့ လာဇီယိုမှာကစား နေတဲ့ ကွင်းလယ်ကစားသမား မိုရက်မက်နီ၊ ပို့စ်မောက်မှာ ကစားနေတဲ့ ဘီပာက်ဂျ်အပြင် အယ်လ်ဂျီးရီးယားအသင်းမှာ လက်စွမ်းပြပြီး နာမည်ကြီးနေတဲ့ ဂိုးသမားချောချီတို့ကို အဓိကထားပြီး ဘောလုံးအသင်း ဖွဲ့စည်းထားခြင်းဖြစ်ပါ တယ်။ အယ်လ်ဂျီးရီးယားအသင်းဟာ အုပ်စု(ဂ)မှာတော့ အမြင့်ဆုံးမျှော်လင့်နိုင်တာက ဒုတိယအဆင့်အုပ်စုပွဲအထိ ကစားနိုင်ဖို့ နည်းပြရာဘတ်ဆက်ဒိန်း ပြောကြားနေပါတယ်။

ဆလိုဗေးနီးယား

ဆလိုဗေးနီးယားအသင်းကတော့ အုပ်စု(ဂ)မှာ အိမ်ဖြည့်အနေအထားလောက်ပဲ ပါဝင်ရမှာဆိုပေမယ့် ကြိုးစားအားထုတ်မှုကောင်းတဲ့ အသင်းဖြစ်ပါတယ်။ ဆလိုဗေးနီးယားအသင်းဟာ ဖီဖာရဲ့ ကမ္ဘာ့အဆင့် သတ်မှတ်ချက် ၃၃ မှာရှိနေပြီး ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲသမိုင်းမှာတော့ ၂၀၀၂ခုနှစ်ပြိုင်ပွဲမှာ ခြေစစ်ပွဲ အောင်ပြီး ပထမအဆင့်အုပ်စု ပတ်လည်ပွဲမှာပါဝင် ဆင်နွှဲနိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။

ဆလိုဗေးနီးယားအသင်းရဲ့နည်းပြကတော့ မာတီ ဂျက်ဇ်ကတ်ဖြစ်ပြီး အသင်းရဲ့ အဓိကကစားသမားကတော့



နှစ်ပေါင်းများစွာ ဝေးကွာခဲ့ရသည့် ကမ္ဘာ့ဖလားကို ၂၀၁၀ ကမ္ဘာ့ဖလားပွဲ၌ အင်္ဂလန်အသင်း မည်သို့ စွမ်းဆောင် နိုင်မလဲဆိုတာ · · · · ။

၂၀၁၀ တောင်အာဖရိကဖလား ဘောလုံးပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲမည့် အမေရိကန်ဘောလုံးအသင်းအား ဤသို့ တွေ့ရသည်။

အသင်းနည်းပြ ကာပယ်လိုကတော့ အသင်းခေါင်းဆောင် တာဝန်ကို ဖာဒီနန်အား ပေးအပ်ထားပါတယ်။ အင်္ဂလန် အသင်းရဲ့ အနိုင်အရှုံးရလဒ်ဟာ ရွန်နီအပေါ် မူတည်နေပေ မယ့် ခြေချင်းဝတ်ဒဏ်ရာ ရရှိထားတာမို့ ကြံ့ခိုင်မှုအပြည့် နဲ့ ပါဝင်ကစားနိုင်ဖို့ သိပ်မလွယ်ပါဘူး။

မျှော်လင့်ချက်

အင်္ဂလန်အသင်းဟာ ၂၀၀၄ ယူရိုဘောလုံးပွဲမှာ ကွာတားဖိုင်နယ်အဆင့်ကို ရောက်ရှိခဲ့သလို ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာလည်း ကွာတားဖိုင်နယ် အဆင့်အထိ ရောက်ရှိခဲ့ပါတယ်။ အဲဒီအဆင့်တွေကို ကျော်လွှားနိုင်တဲ့ ကစားသမားကောင်း မျိုးဆက်သစ်တွေ စုစည်းထားနိုင်ပြီလို့ နည်းပြကာပယ်လိုက ပြောကြားနေပါ တယ်။ လက်ရှိအခြေအနေမှာတော့ အင်္ဂလန်အသင်းမှာ တယ်ရီ၊ ဂျရတ်၊ လမ်းပတ်၊ အက်ရှ်လေကိုးနဲ့ ရွန်နီတို့ကို အမာခံထားပြီး ကျန်တဲ့လူငယ်ကစားသမားတွေကို ဝန်းရံ ကစားစေမှာ ဖြစ်ပါတယ်။ အတွေ့အကြုံရှိပြီး ပါရမီရှင် ဘောလုံးသမားတွေပါဝင်တဲ့ အင်္ဂလန်အသင်းကတော့ မျှော်လင့်ချက် ကြီးကြီးမားမားထားနေတဲ့အသင်းအဖြစ် အုပ်စု(ဂ)မှာ ရပ်တည်နေပါတယ်။

အမေရိကန်အသင်း

ဘောလုံးအားကစားကို စိတ်ပါဝင်စားမှုနဲ့ အားပေးမှု အရှိန်အဟုန် မြင့်တင်လာတဲ့ အမေရိကန်နိုင်ငံဟာ အချိန်တိုအတွင်းမှာ အဆင့်အတန်းမီတဲ့ ဘောလုံးအသင်း တစ်သင်းအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အမေရိကန် အသင်းဟာ နောက်ဆုံးခြေစစ်ပွဲအဖြစ် ဟွန်ဒူးရပ်စ်ကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရပြီး ၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို တက်ရောက်လာခဲ့တဲ့ အသင်းဖြစ်ပါတယ်။ အမေရိကန်အသင်းဟာ လက်ရှိဖီဖာ သတ်မှတ်ချက် ကမ္ဘာ့အဆင့် ၁၄မှာ ရပ်တည်နေတဲ့ အသင်းဖြစ်တဲ့အပြင် ကမ္ဘာ့ဖလား စတင်ကျင်းပခဲ့တဲ့

အမာခံထားပြီး ဖွဲ့စည်းထားပါတယ်။ အမေရိကန် ပြည်တွင်း အသင်းအသီးသီးမှာရှိကြတဲ့ အကောင်းဆုံး ဘောလုံးသမားတွေကိုစုစည်းပြီး ကစားသမား ၄၃ဦးထဲက နေပြီးမှ ရွေးချယ်ဖွဲ့စည်း ကစားသွားမှာဖြစ်ပါတယ်။

အယ်လ်ဂျီးရီးယား

သဲကန္တာရ မြေခွေးတွေလို့ နာမည်ကြီးနေတဲ့ အယ်လ်ဂျီးရီးယားတို့ရဲ့ ခြေစွမ်းကလည်း လျှော့တွက်လို့ မရတဲ့ အနေအထားမှာရှိနေပါတယ်။ အုပ်စု(ဂ)မှာ အင်္ဂလန်နဲ့ အမေရိကန်တို့ အလေးထားယှဉ်ပြိုင်ရမယ့်အသင်းပါပဲ။ အယ်လ်ဂျီးရီးယားအသင်းဟာ ဖီဖာရဲ့ ကမ္ဘာ့အဆင့် သတ်မှတ်ချက် ၂၆နေရာမှာရှိနေပြီး အောင်မြင်မှုအနေ အထားကတော့ ၁၉၈၂ခုနှစ်နဲ့ ၁၉၈၆ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွေမှာ ခြေစစ်ပွဲအောင်ပြီး ပထမအဆင့် အုပ်စုပတ်လည်ပွဲအထိ ဆင်နွှဲခဲ့ဖူးတဲ့ မှတ်တမ်းရှိပါတယ်။

နိုဗာကိုဗစ်ဖြစ်ပါတယ်။ ပြည်တွင်းကလပ်တွေက ခြေစွမ်း ထက်မြက်တဲ့ကစားသမားတွေနဲ့ စုဖွဲ့ထားတဲ့အပြင် အချိန် ယူပြီး ပြင်ဆင်လေ့ကျင့်နေတာမို့ အုပ်စု(ဂ)မှာတော့ ဆလိုဗေးနီးယားအသင်းကိုလည်း လျှော့တွက်လို့မရတဲ့အနေ အထား ရှိနေပါတယ်။

အကြိတ်အနယ်နွှဲရမည်

ဒါကြောင့် အုပ်စု(ဂ)မှာ အင်္ဂလန်နဲ့အမေရိကန်အသင်း တို့ဟာ လိုရာခရီးရောက်ဖို့အတွက် ပြိုင်ဘက်အသင်းတိုင်း ကို အလေးထားကစားမှသာ နောက်တစ်ဆင့်တက်နိုင်မှာ ဖြစ်တာမို့ အကြိတ်အနယ်နွှဲရမယ့် အုပ်စုပွဲတွေအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။ ။ **(အင်တာနက်)**

လှူဒါန်း

ပုဇွန်တောင်မြို့နယ် ပြည်တော်သစ်ရိပ်သာ အခန်း(၁၃) တိုက်(၆)နေ ဒေါ်တင်တင်ဦး၏ (၇၂)နှစ်မြောက်မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူးဦးမြိုး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ယာဉ်မတော်တဆဖြစ်ပွားမှုများ ပပျောက်ရေး တာချီလိတ်မြို့၌ ကွင်းဆင်းစစ်ဆေး

တာချီလိတ် မေ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်လွင်ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် မေ ၁၁ရက်က တာချီလိတ်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်းတွင် တာချီလိတ်မြို့မှ ကျိုင်းတုံမြို့သို့ ထွက်ခွာမည့် ယာဉ်များအား ယာဉ်မတော်တဆဖြစ်ပွားမှု ပပျောက်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကွင်းဆင်းစစ်ဆေးကြသည်။ **(အပေါ်ပုံ)** **(ကညန)**

ဧပြီ ၂၉ရက်က ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းဆောင်ရွက်သည့် အမှတ်(၂) ရပ်ကွက် ဘော်ဒါလမ်းရေနုတ်မြောင်း တူးဖော်ဆောင်ရွက်မှု အခြေအနေကို အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဇော်ထွန်းနှင့် အမှတ်(၂)ရပ်ကွက် ဥက္ကဋ္ဌ ဦးဝင်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့သာယာလှပရေး

ဗန်းမော်ခရိုင် ရွှေကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့ဝင်ဆိုင်းဘုတ်နှင့် မြို့သာယာလှပရေးဆောင်ရွက်ထားရှိမှုကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဝင်းကျော်ကျော်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်

လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် အသက်(၁၂)နှစ်အောက် လူငယ်ပြိုင်ပွဲ၌ ပထမဆုရရှိသော မောင်ဒီခွန်ဇော် (အထက-၅၊ ဗိုလ်တထောင်)အား PISM မှ ကျောင်းအုပ်ကြီး မစ္စတာ ရာကွတ်က ဆုပေးအပ်ချီးမြှင့်စဉ်။ (စစ်တုရင်အဖွဲ့ချုပ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်၊ မယော်ဂနီလမ်း၊ အမှတ်(၂/၂/၂၃၂)တွင် ပါတီရုံးချုပ်တည်ရှိသော မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၅-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏အလံပုံစံ

မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ လမ်းမတော် (တောင်)ရပ်ကွက်၊ ခေါင်းလောင်းကျောင်းလမ်း၊ အမှတ် (လမ/၄၁၄) တွင် ပါတီရုံးချုပ်တည်ရှိသော ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (Rakhine Nationalities Development Party) က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၅-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (Rakhine Nationalities Development Party) ၏ အလံပုံစံ



ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (Rakhine Nationalities Development Party) ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ မင်္ဂလာရပ်၊ လမ်းမတော်လမ်း၊ အမှတ်(၂)တွင် ပါတီရုံးချုပ်တည်ရှိသော အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၅-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏အလံပုံစံ

အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ နာနတ်တောလမ်း၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် (၂)၊ အခန်း (၂၂)တွင် ပါတီရုံးချုပ်တည်ရှိသော ချင်းတိုးတက်ရေးပါတီ (Chin Progressive Party) က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၅-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ချင်းတိုးတက်ရေးပါတီ (Chin Progressive Party) ၏ အလံပုံစံ

ချင်းတိုးတက်ရေးပါတီ (Chin Progressive Party) ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စီးပွားရေးဆိုင်ရာသင်တန်းများ ဖွင့်မည်

ရန်ကုန် မေ ၂၄

Singapore Manufacturers Federation (SMa)သည် စီးပွားရေး လုပ်ငန်းများ တစ်ရှိန်ထိုးတိုးတက်နေသော Singapore နိုင်ငံရှိ ကုန်ပစ္စည်းထုတ်လုပ်သည့် Manufacturing ကုမ္ပဏီ ၂၆၀၀ ကျော်ပါဝင်သော အသင်းအဖွဲ့ကြီးတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်အဖြစ် Siemans, Singapore Press Holdings, Motorola, Microsoft နှင့် Philips Electronics စသည့် ကုမ္ပဏီကြီးများ ပါဝင်ဖွဲ့စည်းထားသည်။

ဖွင့်လှစ်

အဆိုပါ SMa အဖွဲ့ကြီး၏ သင်တန်းကျောင်းဖြစ်သော SMa School of Higher Learning ကျောင်းနှင့် RV! Centre Yangon သည် အကျိုးတူပူးပေါင်း၍ SMa ကျောင်းရှိ Certificate in Foundation Studies နှင့် Diploma in Business Administration(DBA)သင်တန်းများကို သင်ကြားပို့ချပေးသော ရန်ကုန်မြို့ရှိ တစ်ခုတည်းဖြစ်သော Education Centre တစ်ခုဖြစ်သည်။ ကျောင်းသား ကျောင်းသူများအတွက် RV! Centre Yangon တွင် Certificate သင်တန်းကို ၆လ၊ Diploma သင်တန်းကို ၁၅လအဖြစ် ဖွင့်လှစ်သင်ကြားပေးခြင်းကြောင့် စင်ကာပူနိုင်ငံသို့ သွားရောက် ပညာသင်ကြားရသည့် ကုန်ကျစရိတ်နှင့် နှိုင်းယှဉ်ပါက ထက်ဝက်နီးပါး သက်သာစေမည် ဖြစ်သည့်အပြင် နေထိုင်မှု ကုန်ကျစရိတ်ကိုလည်း သက်သာစေမည် ဖြစ်သည်။ Degree ကို သင်ကြားပြီးဆုံးပါက ဩစတြေးလျနိုင်ငံရှိ Murdoch University မှ ပေးအပ်သော ဘွဲ့ကိုရရှိမည် ဖြစ်သည်။ SMa Institute of Higher Learning , Singapore အနေဖြင့် ဩစတြေးလျနိုင်ငံရှိ နိုင်ငံတကာ အသိအမှတ်ပြု Murdoch University ၏ စင်ကာပူနိုင်ငံတွင် ဖွင့်လှစ်ထားသော International Study Centre ဖြစ်သည်။

သင်ယူနိုင်

စီးပွားရေးစီမံခန့်ခွဲမှု (Business Administration)ဆိုင်ရာ ဘာသာရပ်များ သင်ကြားသည့် Degree ၏ အခွင့်အလမ်းမှာ စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှု မဟာဘွဲ့ (Master of Business Administration- MBA)သို့ တက်လှမ်းရန် အခွင့်ကောင်းရခြင်းဖြစ်သည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသော ကျောင်းသားကျောင်းသူများသည် Certificate သင်တန်းကို RV! Centre Yangon တွင် တက်ရောက် သင်ယူနိုင်ပြီး၊ IELTS-5.5 နှင့်တက္ကသိုလ်မှ ဘွဲ့ရရှိထားသော ကျောင်းသားကျောင်းသူများအနေဖြင့် Diploma သင်တန်းကို တက်ရောက် သင်ယူနိုင်မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ အနေဖြင့် စင်ကာပူနိုင်ငံရှိ SMa ကျောင်းသို့ တိုက်ရိုက် တက်ရောက်သင်ယူ လိုပါကလည်း RV! Centre Yangon မှ ဝန်ဆောင်မှုများ လုပ်ဆောင်ပေးသည်။

ဆက်သွယ်နိုင်

အသေးစိတ်သိရှိလိုပါက အမှတ် 12G ဖိုးစိန်လမ်း တာမွေမြို့နယ် ဖုန်း- ၅၄၁၈၈၆နှင့် ၅၅၁၆၉၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အဆင့်မြင့် မင်္ဂလာဈေးတွင် မီးလောင်ကျွမ်းမှုဖြစ်ပွား

ရန်ကုန် မေ ၂၄

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အဆင့်မြင့်မင်္ဂလာဈေး အပေါ်ဆုံးထပ်ရှိ အလှကုန်ပစ္စည်းအရောင်းဆိုင်မှ ယနေ့ နံနက် ၈နာရီခွဲခန့်က မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၆၃စီး၊ အုပ်ချုပ်ယာဉ်၁၀စီး၊ အထောက်အကူပြုယာဉ် ခုနစ်စီး၊ ရေသယ်ယာဉ်အစီး ၂၀တို့ဖြင့် မီးငြိမ်းသတ်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ မီးလောင်မှုအား ရန်ကုန်တိုင်းအတွင်းရှိ အာဏာပိုင်အဖွဲ့အစည်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကျန်အထပ်များသို့ မကူးစက်စေရေး၊ ပတ်ဝန်းကျင်သို့ ကူးစက်မလောင်ကျွမ်းစေရေးတို့အတွက် ဝိုင်းဝန်း ထိန်းချုပ်ဆောင်ရွက်နိုင်မှုကြောင့် မွန်းလွဲ ၂နာရီခန့်တွင် မီးညွန့်ကျိုးသွားကြောင်း သိရသည်။

စိစစ်ဆောင်ရွက်

မီးလောင်ကျွမ်းမှုဖြစ်ပွားသော အဆိုပါ အဆင့်မြင့် မင်္ဂလာဈေးအပေါ်ဆုံးထပ်တွင် ဆိုင်ခန်းပေါင်း ၇၉၇ခန်းရှိပြီး မီးလောင်မှုစတင်ဖြစ်ပွားခြင်းနှင့် ဆုံးရှုံးမှုပမာဏ ကို သက်ဆိုင်ရာက စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ မသုံးရ

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

ကောင်းမြတ်သူ-ရေးသားသည်

ဆီးချိုရောဂါဆေးများ စွဲသောက်လျှင် ဗီတာမင် B-12 ဓာတ်ချို့တဲ့နိုင်

နယူးယောက် မေ ၂၄

မက်ဖော်မင်ဆီးချိုရောဂါ သက်သာဆေးများ ရေရှည်စွဲသောက်ခြင်းသည် ဗီတာမင် B-12 ဓာတ်ချို့တဲ့စေနိုင်ကြောင်း လေ့လာဆန်းစစ်ချက်တစ်ရပ်တွင် ဖော်ပြသည်။

ဓာတ်ချို့တဲ့စေနိုင်

အဆိုပါဆီးချိုရောဂါသက်သာဆေးများကို ဂလူကိုဖေ့ချ်အပါအဝင် တံဆိပ်အမျိုးမျိုးဖြင့် ထုတ်လုပ်လျက်ရှိသည်။ ယင်းဆေးမှာ ဆီးချိုရောဂါအဆင့် ၂ရှိသော ရောဂါဝေဒနာရှင်များအား ကုသရာတွင် အသုံးပြုသောဆေးဝါးဖြစ်သည်။ သို့သော် ယင်းဆေးမှာ ဗီတာမင် B-12 ဓာတ်ချို့တဲ့စေနိုင်ကြောင်း မေ ၂၁ရက်ထုတ် ဘီအမ်ဂျေ ဆေးဂျာနယ်တွင် ဖော်ပြထားသည်။

နယ်သာလန်နိုင်ငံမှ သုတေသနအဖွဲ့သည် ဆီးချိုရောဂါအဆင့် ၂ရှိသောသူ ၃၉၀အား မက်ဖော်မင်ဆေးများသုံးစွဲမှုနှင့် စပ်လျဉ်း၍ သုတေသနပြုဆန်းစစ်ခဲ့ရာ အများစုမှာ ဗီတာမင် B-12 ဓာတ်ချို့တဲ့နေသည်ကို တွေ့ရှိခဲ့ရသည်ဟုဆိုသည်။

နှိုင်းယှဉ်

အဆိုပါဆီးချိုရောဂါဆေး သောက်သုံးသော ရောဂါဝေဒနာရှင်များသည် အခြားရောဂါဝေဒနာရှင်များနှင့် နှိုင်းယှဉ်ရာတွင် B-12 ဓာတ်ချို့တဲ့မှုမှာ ၁၉ရာခိုင်နှုန်းရှိကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် စတီဟိုဝါက ပြောကြားသည်။ (အင်တာနက်)

မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၄၄/၅၆)၊ MMG Tower နေ
(ဦးကိုကိုကြီး)-ဒေါ်သန်းသန်းအေးတို့၏ သားထွေး၊
ဦးမောင်မောင်ကြီး(ဥက္ကဋ္ဌ၊ မောင်မောင်ကြီးဆောက်လုပ်ရေးနှင့်
ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီနှင့် စိန်ရွှေရတနာလုပ်ငန်း)၏ ညီ

မောင်မောင်ကျော်ဝင်း

(ဒါရိုက်တာ၊ ရွှေဘုံသာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်)

နှင့်

မန္တလေးမြို့၊ ၃၅ လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြားနေ
ဦးဝင်းလှိုင်(Energy၊ အင်ဂျင်ပိုင်ရောင်းဝယ်ရေး)-ဒေါ်ခင်နှင်းအေး
(ဒုတိယလက်ထောက်အင်ဂျင်နီယာ၊ ငြိမ်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း)တို့၏
တစ်ဦးတည်းသောသမီး

မမေမြတ်မွန်

B.A(Eco)

တို့၏ ၂၃-၅-၂၀၁၀ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Traders Hotel(Myanmar Ballroom)၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာညစာစားပွဲအခမ်းအနားသို့ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငြွေးအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်နှင့် ဇနီး ဒေါ်အေးအေး(ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးအားကစားအဖွဲ့ချုပ်)တို့အားလည်းကောင်း၊ မင်္ဂလာစိန်လက်စွပ်ဆင်မြန်းပေးပါသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဆွေမြင့်(ပါမောက္ခ၊ ငြိမ်း၊ မြန်မာစာဌာန)တို့အားလည်းကောင်း၊ မင်္ဂလာရွှေဆွဲကြိုးအား မင်္ဂလာလက်ဖွဲ့အဖြစ် ချီးမြှင့်ပေးပါသော IBPC ဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များအားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်ဘက်နယ်ဘက်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ သံအမတ်ကြီးများ၊ e-mail နှင့် တယ်လီဖုန်းများဖြင့် ဆက်သွယ်ပြောကြားပေးသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မမေသက်ထွန်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော Goldies တေးဂီတအဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုဖြင့် မှတ်တမ်းတင်ပေးသော ရွှေကပ်ကျေးဗီဒီယိုအဖွဲ့၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးရှင် အောင်အောင်၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးသော ဒဂုန်ပုံနှိပ်တိုက်၊ မင်္ဂလာအခမ်းအနားအောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူတို့အားလည်းကောင်း၊ Traders Hotel မှ မသူသူအောင်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မောင်ကျော်ဝင်း-မမေမြတ်မွန်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ကတ/၂၂၆၂ လော်ဂျား ၁၁၀ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးလှထွေး E/SRM -၁၂၃၇၅၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့။**

ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဆုံးဖေကြီး ဗိုလ်မှူးဇော်ဝင်း(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ လားရှိုးမြို့နယ်စည်ပင်) နှင့် ချစ်ဆုံးမေကြီး ဒေါ်စမ်းစမ်းကြည်(အလပြ-ငြိမ်း)တို့၏ ၂၅-၅-၂၀၁၀ရက်တွင် ကျရောက်သည့် ငွေရတုမင်္ဂလာရက်မြတ်မှသည်

သက်ရှည်ကျန်းမာ....၊ အနာရောဂါ....၊ ဘေးဘယာ....၊ ကင်းဝေးစွာ....။
ချစ်သားသမီးများနှင့် အိုမင်းသည့်တိုင် ပေါင်းသင်းရပြီး....၊
မတောင့်....၊ မတ....၊
မကြောင့်....၊ မကြ....၊
ပြီး....ပြည့်စုံသောဘဝကို ပိုင်ဆိုင်၍....၊
အလှူရေစက်....လက်နှင့်မကွာ....၊
လှူဒါန်းနိုင်ပါစေကြောင်း .... တောင်းဆုပြုပါသည်။

ချစ်သားကြီး - ဟန်သော်ဇင် B.Sc(Bot)
ချစ်သားငယ် - အောင်မြင်သူ 2nd, E.P (LAHSIO GTC)
ချစ်သမီးငယ် - ရွှန်းလက်ဇော်ဝင်း 1st Year(Chem:, LAHSIO UNIVERSITY)

ဖခင်အမည်မှန်

ယန်းလော အလက အဌမတန်းအောင်မှ မနန်းလျှံ၏ ဖခင်အမည်မှန်မှာ ဦးအိုက်နွဲ့ဆောင် ၁၃/ကတန(နိုင်)၀၃၀၄၁၂ ဖြစ်ပါကြောင်း။
ဦးအိုက်နွဲ့ဆောင်။

အမည်ပြောင်း

အဖဦးဇော်ဝင်း၏သား အထက(၃)စမ်းချောင်း ဆဌမတန်း(B)အောင်မှ မောင်ထိုက်လင်းအား မောင်ပြည့်ပိုင်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။
မောင်ပြည့်ပိုင်ထွန်း။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ဇော်လေး C.D.C 28449၏ (1)E.D.H (2)BST (3) Watch Keeping များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၅၁၁၇၉၇။**

မွေးနေ့ဆုတောင်း

၂၅-၅-၂၀၁၀ရက်တွင် ကျရောက်သော မဦးရဲ့ကိုကို သားတို့ချစ်တဲ့ဖေဖေ ဦးချစ်မောင်(S.S.A.E၊ ရန်ကုန်-မန္တလေး အမြန်လမ်းစီမံကိန်း)၏ နှစ်(၅၀)ပြည့် မွေးနေ့ရက်မြတ်မှသည် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ ပျော်ရွှင်စွာဖြင့် အသက်ရာကျော်ရှည်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဇနီး - ဒေါ်သက်တည်ဦး P.A.T (T.T.C) Y.I.O.E
ချစ်သားကြီး - မောင်ဟိွုင်ဆန်း 3rd M.B(I.M.1)
ချစ်သားငယ် - မောင်ကောင်းဆက်ဟိဏ်း Grade II(T.T.C)Y.I.O.E။

အမည်ပြောင်း

အဖ ဦးအေးထူး၏သား ပုသိမ်မြို့ အမှတ်(၁၀) အခြေခံပညာမူလတန်းပုဂံကျောင်း စတုတ္ထတန်းအောင်မှ မောင်ဝင်းကိုအား မောင်ဝင်းခန့်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဝင်းခန့်ကိုကို။

အင်တာနက်လိုင်းရောင်းမည်

Broadband Internet(Bagan) လိုင်းတစ်လိုင်းအမြန်ဆုံးရောင်းမည်။ ငွေကျပ် ၁၃၀၀၀၀၀။
ဆက်သွယ်ရန် ဖုန်း-၀၉-၈၀-၃၄၈၆၃၊ ၀၉-၅၀-၃၂၄၈၈၊ ၀၉-၅၀-၆၄၇၅၂။

အမည်ပြောင်း

အဖ ဦးလှဦး၏သမီး မြောက်ဥက္ကလာပမြို့နယ် အလက(၄) ပဉ္စမတန်း(A)မှ မဥမ္မာချမ်းမြေ့အား မဝန္ဒီဦးဟု ပြောင်းလဲခေါ်ပါရန်။
မဝန္ဒီဦး။

အမည်ပြောင်း

ဦးနိုင်ဝင်းကျော် ၁၄/ကခန(နိုင်)၀၀၁၃၉၀ ၏သမီး လက်ပံတန်းမြို့ အမက(၂)လမ်း စတုတ္ထတန်းအောင်မှ မနှင်းနန္ဒာဦးအား မဝင်းပပအောင်ဟု ပြောင်းလဲခေါ်ပါရန်။**မဝင်းပပအောင်။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးအုန်းကျော် ၁၀/သထန(နိုင်)၀၀၅၆၀၅နှင့် ဒေါ်နုနုအောင် ၁၀/သထန(နိုင်) ၀၀၅၆၀၈တို့၏သား မောင်ငွေးဝင်းအောင် ၁၀/သထန(နိုင်)၀၀၂၄၆၂သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအုန်းကျော်-ဒေါ်နုနုအောင်။

မြဝတီခရိုင်ရဲတပ်ဖွဲ့မှ သောက်သုံးရေ ခက်ခဲနေသည့် ကျေးရွာများအား သန့်ရှင်းသော သောက်သုံးရေများဖြန့်ဝေလှူဒါန်းခြင်းကို မေ ၁၇ ရက်က ရေပူစမ်းကျေးရွာတွင် ကျင်းပရာ မီးသတ်ယာဉ် နှစ်စီး၊ ပုဂ္ဂလိကရေသယ်ယာဉ် ခြောက်စီး စုစုပေါင်းရှစ်စီးဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်ကျော် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ကျေးရွာပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းစဉ်။ (၁၀၁)

မေ ၂၂ရက်က လသာမြို့နယ် အမှတ်(၆)ရပ်ကွက် မဟာဗန္ဓုလလမ်းမနှင့် လသာလမ်းတွင် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုကို ရန်ကုန်တိုင်းအနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော် ကြည့်ရှုစစ်ဆေးစဉ်။ (၁၀၆)

ပဲခူးမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့ပေါ်ရှိ လမ်းဘေးဝဲယာ ရေနုတ်မြောင်းများအား စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်နေမှုကို မေ ၁၄ရက်က ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်လှုတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် မေလဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီခွဲတွင် ဒဂုံဂေါက်ကွင်း(မင်္ဂလာဒုံ)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့်ယူနီဆက်ဖ်တို့ ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သည့် အကျော်ကျေးရွာ ရေပေးရေးလုပ်ငန်း ရေပိုက်လိုင်းများ သွယ်တန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးငွေးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာဇော်မျိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မေ ၁၅ရက်က မြို့သစ်မြို့နယ် ရေပြည့်အုပ်စု လှေဝန်းတဲတိုက်ကျေးရွာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက အဖွဲ့ပိုင်ရေသယ်ယာဉ်ဖြင့် ကျေးရွာအရောက် ဖြန့်ဝေပေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နိုင်စိုးနှင့် အမှုဆောင်အရာရှိ ဦးသန့်နိုင်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အတွင်းရှိ ညောင်ချင်းကျေးရွာ၊ ဇလုပ္ပကျေးရွာ၊ သံကုန်းကျေးရွာ၊ မြင်သာကျေးရွာများသို့ ရေပေးဝေနေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသက်နိုင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဗိုလ်တို့ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများမွေးထုတ်ရာ

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ကျိုင်းတုံ)

သတင်းဆောင်းပါး–တောင်သာကိုအယ်ခန့်

စာမျက်နှာပွဲ့စည်းမှု – ခင်သန္တာသိန်း (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိရာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဖွင့်လှစ်

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ ကျန်းမာရေး၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ယဉ်ကျေးလိမ္မာမှုဆိုင်ရာ လူမှုကျင့်ဝတ်များ ပြည့်စုံစွဲမြဲခိုင်မာစေရန် ရည်ရွယ်လျက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

မြန်မာနိုင်ငံဒေသအနှံ့အပြား၌ နိုင်ငံတစ်ဝန်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးခဲ့ရာ ပူတာအို၊ မြစ်ကြီးနား–၁၊ မြစ်ကြီးနား–၂၊ ဗန်းမော်၊ ကွမ်းလုံ၊ တန့်ယန်း၊ လွယ်မွေ၊ ကျိုင်းတုံ၊ လွိုင်ကော်၊ ပင်လုံ၊ စစ်တွေ၊ မင်းတပ်–၁၊ မင်းတပ်–၂၊ ဟားခါး၊ တီးတိန်၊ ခန္တီး၊ လေရှီး၊ လဟယ်၊ မတူပီ၊ ကန်ပက်လက်၊ ပခုက္ကူ၊ ကလေး၊ ဖလမ်း၊ ထန်တလန်၊ တွန်းဇံ၊ ဘားအံ၊ လားရှိုး၊ ရန်ကုန်ပရဟိတ (ကျား) ကျောင်းဟူ၍ စုစုပေါင်း ၂၈ ကျောင်း ဖွင့်လှစ်ပြီး ဖြစ်သည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်း၏ ရည်ရွယ်ချက်များမှာ တိုင်းရင်းသားလူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များဖြစ်လာစေရန်၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို သက်ဝင်ယုံကြည်၍ ထိန်းသိမ်းစောင့်ရှောက်သော လူငယ်များဖြစ်လာစေရန်၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများကို သိရှိနားလည် ထိန်းသိမ်းသွားစေရန်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်းမြှင့်မားရေးအတွက် ဆောင်ရွက်လိုသည့်စိတ်ဓာတ် မွေးမြူပေးရန်၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်လိုသည့် စိတ်ဓာတ်များမွေးမြူပေးရန်၊ ပညာရပ်များတတ်မြောက်၍ ကျောင်းဆင်းပြီးသွားပါက မိမိဒေသတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်စေရန်တို့ ဖြစ်သည်။

စတင်တည်ထောင်

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (၂၈) ကျောင်းအနက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ဖွင့်လှစ်ထားသော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျိုင်းတုံသည်လည်း တစ်ကျောင်းအပါအဝင်ဖြစ်ပြီး ၁၉၅၇ခုနှစ်တွင် ဓာတ်စွမ်းသီရိဆရာတော် ဦးကုဏ္ဍလက ကျိုင်းတုံမြို့ ယန်းခမ်းအထက် အာခါရွာ၌ ဓာတ်စွမ်းသီရိမိဘမဲ့ကျောင်းအဖြစ် မြို့မိမြို့ဖအကူအညီဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။

စတင်တည်ထောင်ချိန်က ခိုကိုးရာမဲ့ကလေး ၂၀ကိုလက်ခံခဲ့ပြီး ကျောင်းနေရိယာမှာ ၁၄ဧကရှိသည်။ ၁၉၆၃ခုနှစ် ကျိုင်းတုံနယ်ခြားဒေသ အုပ်ချုပ်ရေးကာလ၌ ဗလငါးတန်ပြည့်စုံရေး ပရဟိတဂေဟာဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး ကလေး ၆၆ဦးအား ဆက်လက်ပြုစုစောင့်ရှောက်ခဲ့သည်။ လူမှုဝန်ထမ်းဦးစီးဌာနမှ ထိုကျောင်းအတွက် ဆန်၊ အဝတ်အစား၊ စားစရိတ်နှင့် ဂေဟာမှူးလစာတို့ကို ထောက်ပံ့ပေးခဲ့သည်။

ပြုစုလေ့ကျင့်

၁၃–၅–၁၉၉၈တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၀–၆–၁၉၉၉မှစ၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန လက်အောက်ရှိ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနအသစ် ထပ်မံဖွင့်လှစ်ပြီး ယနေ့တိုင် တာဝန်ယူ ပြုစုလေ့ကျင့်ပေးလျက်ရှိသည်။

> **ကျောင်းသွားချိန်တွင် တာဝန်ကျနည်းပြက ကျောင်းသားများကို ကျောင်းသို့ လိုက်ပို့စဉ်။**

တည်ဆောက်ပေးထား

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ကျိုင်းတုံ) သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ အမှတ်(၅)ရပ်ကွက် နောင်ဖာ၌ တည်ရှိပြီး မြေအကျယ် ၅ဒသမ၁၅ဧကရှိသည့် ကျောင်းမြေမှာ နှစ် ၃၀မြေဂရန်ရရှိပြီး ဖြစ်သည်။ ထိုမြေပေါ်တွင် တစ်ထပ်နှင့် နှစ်ထပ်ပါ ကျောင်းသားအိပ်ဆောင် နှစ်ဆောင်၊ တစ်ထပ်ကျောင်းသူ အိပ်ဆောင်နှစ်ဆောင်၊ ကျောင်းသားစားရိပ်သာနှင့် ကျောင်းသူစားရိပ်သာ တစ်ဆောင်စီ၊ တစ်ထပ်ဓမ္မာရုံ၊ စာကြည့်ဆောင် တစ်ဆောင်နှင့် တစ်ထပ်စတိုခန်းတစ်ဆောင်တို့ကို နေရာတကျ အကွက်ချ တည်ဆောက်ပေးထားသည်။

ထောက်ပံ့

အဝီစိတွင်း နှစ်တွင်း၊ လက်နှိပ်တုံကင်တစ်လုံး တပ်ဆင်ပေးထားသဖြင့်လည်း ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ ချိုးရေ၊ သောက်ရေ အဆင်ပြေလျက်ရှိသည်။ မြို့နယ်လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်မီးသွယ်တန်းပေးထားခြင်းကြောင့်လည်းကောင်း၊ လျှပ်စစ်မီးမလာသောနေ့များတွင် ကျောင်းပိုင်မီးစက်ဖြင့် မီးထွန်းပေးထားခြင်းကြောင့်လည်းကောင်း၊ ကျောင်းသား ကျောင်းသူများ စာကြည့်ရန်အဆင်ပြေသကဲ့သို့ ဝန်ထမ်းများလည်း အားလပ်ချိန်များတွင် မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားကို ကြည့်ရှုအပန်းဖြေစေခြင်းနှင့် စာကြည့်ဆောင်တွင် စာအုပ် စာပေများ လေ့လာခွင့်၊ မှတ်သားခွင့် ရရှိနေပြီဖြစ်သည်။

ကျောင်းသား ကျောင်းသူများအတွက် ခုတင်၊ သံသေတ္တာ၊ စာကြည့်စားပွဲ၊ ထိုင်ခုံ၊ ထမင်းစား စားပွဲ၊ ကုလားထိုင်များနှင့် နေ့စဉ်စားစရိတ် ထောက်ပံ့ရရှိသည့်အပြင် နှစ်စဉ် ကျောင်းဝတ်စုံ(အဖြူ၊ အစိမ်း)နှစ်စုံ၊ ကျောင်းသုံး ဗလာစာအုပ်၊ ခဲတံ၊ ဘောလ်ပင်များနှင့် နှစ်စဉ် ကျောင်းသား ကျောင်းသူများကို ပညာသင် ထောက်ပံ့ကြေးများကိုလည်း ထောက်ပံ့ပေးလျက်ရှိကြောင်းကို လေ့လာသိရှိခွင့် ရခဲ့ပါသည်။

ဤသို့ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနမှ အထောက်အပံ့များရရှိသဖြင့် အာခါ၊ လားဟူ၊ “ဝ”၊ ရှမ်း၊ လီရှောနှင့် အားခေ တိုင်းရင်းသား ကျောင်းသား ကျောင်းသူ ၁၂၆ဦးတို့သည် နိုင်ငံကို ရှေးရှုလျက် နီးစပ်ရာအခြေခံပညာမူလတန်းကျောင်းအမှတ်(၂)နှင့် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၃)တို့တွင် တတိယတန်းမှ တက္ကသိုလ်ဝင်တန်းအထိ တက်ရောက်လျက် ပညာရည်နို့ သောက်စို့လျက် ရှိကြသည်။

တစ်ကျောင်းလုံးရှိ ကျောင်းသား ကျောင်းသူတို့ကို တပ်စုလေးစုခွဲထား၍ စိုက်ခင်းမြေနေရာ ခွဲဝေချထားပေးသဖြင့် ကျောင်းဆင်းချိန်နှင့် အားလပ်ရက်များတွင် ရာသီ သီးနှံပင်များဖြစ်သည့် ခရမ်း၊ မုန်ညင်း၊ ငရုတ်၊ မုန်လာ၊ ချဉ်ပေါင်၊ ရုံးပတီသီးတို့ကို လည်းကောင်း၊ နှစ် ရှည်ပင်များဖြစ်သည့် ငှက်ပျောပင်၊ ပိန္နဲ၊ သရက်၊ မာလကာ၊ ဒန့်သလွန်နှင့် လိုက်ချီးပင်များကို လည်းကောင်း စည်းကမ်းရှိစွာ ပြိုင်ဆိုင်မှုစနစ်ဖြင့် စိုက်ပျိုးနေကြသဖြင့် အသီးအနှံများကို ပြင်ပတွင်ဝယ်ယူခြင်းထက် ငွေကုန်ကြေးကျ သက်သာစေရုံမက လတ်လတ်ဆတ်ဆတ် စားသုံးကြရသဖြင့် ကျန်းမာရေးအတွက် အထောက်အပံ့ရရှိစေသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ကျိုင်းတုံ)တွင် ကျောင်းအုပ်မှစပြီး ဝန်ထမ်းများ ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်၍ ပညာသင်ကြားပေးနိုင်ခဲ့မှုကြောင့် ယခုအခါဘွဲ့ရပြီး ဝန်ထမ်းကိုးဦးနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး တက္ကသိုလ်၊ ကောလိပ်၊ သူနာပြုသင်တန်း တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူ ၁၁ဦးတို့မှာ ပညာရေးအသီးအပွင့်ကောင်းများကို ခံစားစံစားနေကြရပြီဖြစ်ရာ ဆက်လက်၍ အဆိုပါကျောင်းမှ အနာဂတ်သားကောင်း၊ သမီးကောင်း ရတနာများ နှစ်စဉ်တိုးတက်မွေးထုတ်ပေးသွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မှတ်တမ်းဓာတ်ပုံရိုက်

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိကြသည့် သင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ။

ဘားအံမြို့နယ် သံလှယ်စံပြကျေးရွာ၌ စာကြည့်တိုက်ဖွင့်

ရုပ်သံစလောင်းနှင့် သုတရသစာအုပ်မျိုးစုံလှူဒါန်း

ဘားအံ မေ ၁၆

ဘားအံမြို့နယ် သံလှယ်စံပြကျေးရွာ သုတအလင်းအိမ် စာကြည့်တိုက်ဖွင့်ပွဲကို မေ ၈ရက်ကကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲညွန့်၊ သံလှယ်စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းစိန်အောင်ညီတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်းခဲ့

ထို့နောက် လှူဒါန်းပွဲကို ကျင်းပရာ ကရင်ပြည်နယ်ဥက္ကဋ္ဌက ကျေးရွာပြည်သူများအတွက် DTH စလောင်းတစ်စုံနှင့် ငွေကျပ် ၇၇၄၀၀တန်ဖိုးရှိ သုတရသ စာအုပ်မျိုးစုံကိုလည်းကောင်း၊**(အောက်ဝဲပုံ)** ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲညွန့်က ငွေကျပ် ၃၀၀၀၀တန်ဖိုးရှိ စာအုပ်မျိုးစုံကိုလည်းကောင်း၊ ပြည်နယ်ဆည်မြောင်းဦးစီးမှူး ဦးမြင့်ထွန်းလတ်က ငွေပဒေသာပင် ငွေကျပ် ၃၀၀၀၀ကိုလည်းကောင်း၊ ပြည်နယ်အခွန်ဦးစီးမှူး ဦးမြင့်သန်းဆွေက ငွေပဒေသာပင် ငွေကျပ် ၂၀၀၀၀ကိုလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်က စာကြည့်တိုက်အတွက် တစ်နှစ်စာသတင်းစာဖိုး ငွေကျပ် ၃၀၀၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင်တို့က လက်ခံယူကြသည်။

လှူဒါန်း

ဆက်လက်၍ ဘားအံမြို့နယ်မှ ရတနာကုန်သည် ဒေါ်မြတင်က တန်ဖိုးငွေကျပ် ၅၀၀၀၀ရှိ စာအုပ်မျိုးစုံကို လည်းကောင်း၊ သန်လျင်ကျေးရွာမှ စေတနာရှင် တစ်ဦးက ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀ကိုလည်းကောင်း လှူဒါန်းကြသည်။

ယင်းသုတအလင်းအိမ် စာကြည့်တိုက်ကို စုစုပေါင်းငွေကျပ် ၆၆သိန်း အကုန်အကျခံ တည်ဆောက်ပြီး အလျား ၁၄ပေ၊ အနံ ၂၄ပေရှိ အာရ်စီအမျိုးအစား အဆောက်အအုံဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာ

ဘဝအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ပုသိမ်ကြီး မေ ၂၀

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာ၌ ကျေးရွာကိုယ့်အားကိုယ်ကိုး ဘဝအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၇ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဘဝအလင်းရောင် စာကြည့်တိုက်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စိမ်းဝင်း၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဘဏ်သိန်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်တင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(ယာပုံ)

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မိမိလွင်က အမှာစကားပြောကြားပြီးနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက စာကြည့်တိုက်၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးခင်မောင်တင့်က စာကြည့်တိုက် ဖြစ်ပေါ်လာပုံများကို ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် ဦးလှမင်းက စာကြည့်တိုက် မတည်လှူဒါန်းငွေကျပ် သုံးသိန်းနှင့် အလှူရှင်များက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လှူမိတ်ဆွေ

ထွန်းရတနာ ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ် တိုက်ကြီးမြို့နယ် ကြွေပုဂံချောင်းကျေးရွာ၌ဖွင့်လှစ်

ရန်ကုန် မေ ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ကြွေပုဂံချောင်းကျေးရွာ၌ မေ ၁၃ရက် နံနက် ၁၀နာရီက ထွန်းရတနာ ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်သီဟ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြပြီး အလှူရှင်တို့က သုတ၊ ရသ စာအုပ်စာစောင်များကိုလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌက စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

အမရပူရမြို့နယ်၌ မြစ်ရေတင်နွေစပါးစိုက်ပျိုး

မြစ်ငယ် မေ ၁၉

မန္တလေးတိုင်း အမရပူရမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် ဒုတိယဦးစီးမှူး ဦးအောင်စိုးတို့သည် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်ဇော်၊ မြေစာရင်းဦးစီးမှူး ဦးသိန်းလွင်၊ ရေအရင်းအမြစ်ဦးစီးမှူး ဦးအောင်ငွေသိန်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများလိုက်ပါလျက် မေ ၅ရက် နံနက် ၈နာရီက ဒုဋ္ဌဝတီမြစ် လျှပ်စစ်မြစ်ရေတင်စခန်းများမှ နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရေကြည်ပေါက်လျှပ်စစ် မြစ်ရေတင်လုပ်ငန်းမှ ရေရှိမှုအခြေအနေကို စစ်ဆေးသည်။ **(အောက်ပုံ)**

တိုးချဲ့စိုက်ပျိုး

အမရပူရမြို့နယ်၏ ၂၀၀၉-၂၀၁၀ တွင် နွေစပါးစိုက်ပျိုးရန် လျာထားဧက ၁၁၁၀၀ အနက် မြစ်ရေတင်စိုက်ပျိုးရန် စီမံကိန်း လျာထားဧက ၇၅၀ရှိရာ လိပ်တံခွန် လျှပ်စစ် မြစ်ရေတင် စီမံကိန်းသစ်အကူအညီဖြင့် နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ခဲ့သဖြင့် မေ ၁ရက် ထွန်းတုံးပိတ်ချိန်တွင် မြစ်ရေတင် နွေစပါး ၈၂၅ဧက အထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။

(၀၈၀)

မြို့နယ်သတင်း ထွေထွေလာ

စာကြည့်တိုက် ရှင်သန်ခိုင်မာရေး မိုင်းခတ်မြို့နယ်တွင် ဟောပြော

မိုင်းခတ် မေ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို မေ ၅ရက်က ပန်နော်လောင်းကျေးရွာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးနောင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဟောပြောဆွေးနွေးပြီး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ခင်းကျင်းပြသသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ် စာစောင်နှင့် ငွေပဒေသာပင် ငွေကျပ် ၁၀၀၀၀စီကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးနောင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်တင်တို့က ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးယာကုပ်က လက်ခံယူသည်။ (ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ပန်းအလှပင်များ ဆီဆိုင်မြို့နယ် စိုက်ပျိုး

ဆီဆိုင် မေ ၁၃

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးနှင့် လမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဧပြီ၂၄ရက်က ပြည်ထောင်စုလမ်းမဘေးဝဲယာတွင် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် မြေယာရှင်းလင်း ပြုပြင်ဆောင်ရွက်မှုတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးခင်မောင်ခ ကြီးကြပ်ဆောင်ရွက်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

(၁၁၈)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၂၄

အထက(၁) မြောက်ဥက္ကလာပ နှစ်(၅၀)ပြည့် ရွှေရတုကို ဂုဏ်ပြုသောအားဖြင့် ကျောင်းသားဟောင်း ဦးအေးကို **(အပေါ်ပုံ)**(မျက်ကြည်လွှာအလှူရှင်)သည် ဧပြီ ၂၅ရက်က မင်္ဂလာဇျူဟာ အသင်းမှ ကျင်းပသော (၁၀၆)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ၌ (၁၁၈)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ရက်က ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲယာ တစ်လျှောက် အဖွဲ့ပိုင် အမှိုက်သိမ်းမော်တော်ယာဉ်ဖြင့် သိမ်းဆည်းဆောင်ရွက်စဉ်။(ပြည်နယ် ပြန်/ဆက်)

ရေစကြို ဒဿနလမင်းစာကြည့်တိုက် (၆)နှစ်ပြည့်အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပ

ရေစကြို မေ ၁၄

ရေစကြိုမြို့နယ် သာဂေါင်ကျေးရွာအုပ်စု ဖြူဘုံးကျေးရွာ ဒဿနလမင်း စာကြည့်တိုက်၏ (၆)နှစ်ပြည့်အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ဧပြီ ၂၀ရက် ည ၇နာရီက ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် စာပေအလှူရှင်များကိုယ်စား ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာမ ခင်ခင်ထူးက ဇာတိနွယ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာဆရာသုရဇော်က ကဗျာနှင့်လူသား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာနေဝင်းမြင့်က ရုပ်သေးပွဲသွားရအောင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာချစ်ဦးညိုက နားဆင်ခံစားပါ ဝေဖန်သုံးသပ်ပါ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

တက်ရောက်

စာပေဟောပြောပွဲသို့ ရပ်နီးရပ်ဝေးမှ ကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသားကျောင်းသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျွန်းလှမြို့နယ်၌ ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီဆောင်ရွက်ရေးဆွေးနွေး

ကျွန်းလှ မေ ၂၀

ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညိုဝင်းသည် ကျွန်းလှမြို့နယ်ရုံး၌ ဧပြီ ၂၈ရက် နံနက် ၈နာရီက မြို့နယ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ၂၀၁၀-၂၀၁၁ခုနှစ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အောင်မြင်ရေး ဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်ပြီး မြို့နယ်ဦးစီးမှူးက ကျွန်းလှမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးအရာရှိက ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီဖြစ်ရေးဆွေးနွေးပြောကြားခဲ့ပြီး ရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(မြို့နယ် ပြန်/ဆက်)**

အမာခံကျောက်ခင်း

တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အိုးဖိုအရှေ့ရပ်ကွက် ဈေးလေးလမ်း ကတ္တရာခင်းရန်အတွက် အောက်ခံ အမာခံ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မေ ၁၇ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းဇော်က ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးထွန်းထွန်းဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ငါးမျိုးစိုက်ထည့်

ငါး၊ ပုစွန်သယံဇာတထိန်းသိမ်းရေးအတွက် ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျုံဘုတ် ကြေးတိုင်အင်းအတွင်း ရေချိုပုစွန် သားပေါက်ကောင်ရေ သုံးသိန်း မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဧပြီ ၂၇ရက်က ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်းနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌများက ငါးမျိုးစိုက်ထည့်ကြစဉ်။

(ငါးလုပ်ငန်းဦးစီးဌာန)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် မေ ၂၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၅၂/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၅၂/၂၀၁၀)
၁၃၇၂ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၁၀ပြည့်နှစ်၊ မေလ ၂၄ ရက်)

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီအား
နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၆၄၇)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီအား ၂၀၁၀ပြည့်နှစ်၊ မေလ ၂၄ရက် နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၁၄) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စိုက်ပျိုးရေပေးဝေလျက်ရှိသည့် မိတ္ထီလာမြို့နယ် ချောင်းကောက်ရေလှောင်တမံကို ဤသို့ တွေ့ရသည်။

စိုက်ပျိုးသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရန် မိတ္ထီလာမြို့နယ်က ချောင်းကောက်တမံ

သတင်းခရီးသည်-မိုးမြင့်လင်းလက်၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်

မိတ္ထီလာ မေ ၂၄

စိမ်းစိုလန်းဆန်းနေသော နွေစပါးစိုက်ခင်းများ၊ ဝါစိုက်ခင်းများနှင့် ငရုတ်စိုက်ခင်းများ ဖြစ်ထွန်းနေသည့် မိတ္ထီလာမြို့နယ်....။ တမံရေ၊ ဆည်ရေနှင့် စက်ရေတွင်းများက စိုက်ပျိုးအောင်မြင်မှုတို့ကို ဖြစ်ထွန်းစေသည်။ စိုက်ပျိုးရေပေးဝေနေသည့် ချောင်းကောက်တမံကြောင့် နွေသီးနှံစိုက်ခင်းများ *စာမျက်နှာ ၇ ကော်လံ ၁* ❐

လေဖိအားနည်းရပ်ဝန်း ဆက်လက်အားကောင်းလာနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်လျက်ရှိ

နေပြည်တော် မေ ၂၄

ယနေ့ ညနေ ၅နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿ ကမ်းခြေတောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလား ပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလား ပင်လယ်အော်အလယ်ပိုင်းသို့ ရောက်ရှိပြီး ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်အားကောင်းလာနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)